မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

မြန်မာ–ကျူးဘား နှစ်နိုင်ငံပူးတွဲကော်မရှင် ဒုတိယအကြိမ်အစည်းအဝေး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း တက်ရောက် နှစ်နိုင်ငံဆွေးနွေးချက်မှတ်တမ်း လက်မှတ်ရေးထိုးလဲလှယ်

နှစ်နိုင်ငံ ဆွေးနွေးချက်မှတ်တမ်း လက်မှတ်ရေးထိုး

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန ဝန်ကြီး Mrs. Marta Lomas Morales တို့ နှစ်နိုင်ငံဆွေးနွေးချက် မှတ်တမ်းကို လက်မှတ်ရေးထိုးကြစဉ်။ **(နိုင်ငံခြားရေး)**

ရန်ကုန် စက်တင်ဘာ ၂၇

ကျူးဘားသမ္မတနိုင်ငံ ဟားဗားနားမြို့၌ ၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ ကျင်းပသည့် မြန်မာ–ကျူးဘားနှစ်နိုင်ငံ ပူးတွဲကော်မရှင် ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဟားဗားနားမြို့ Jose' Marti အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ စက်တင်ဘာ ၁၆ ရက် ည ၆ နာရီတွင် ရောက်ရှိကြရာ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Marcelino Mesina နှင့် Asia and Oceania ဌာန ညွှန်ကြားရေးမှူး Mr. Alberto J. Blanco Silva တို့က လေဆိပ်၌ ကြိုဆိုကြသည်။

မိုးထစ်ချုန်း ရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။

လွမ်းသူ့ပန်းခွေချ

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၇ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေ လိုက်ပါလျက် Jose' Marti အမျိုးသားကျောက်တိုင်သို့ သွားရောက်ရာ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Marcelino Mesina နှင့် သံတမန်ရေးရာဌာန အကြီးအကဲ ညွှန်ကြားရေးမှူး Mr. Angel Reigosa de la Cruz တို့က ကြိုဆိုကြပြီး ဝန်ကြီး ဦးဉာဏ်ဝင်းက လွမ်းသူ့ပန်းခွေချသည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

ယနေ့ မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ (၂)

မြန်မာ့အလင်း
ဆောင်းပါး
အညွှန်း

NLD နောက်ကပါလာတာက ၈၈ မျိုးဆက် ကျောင်းသားအမည်ခံအုပ်စုပါ။ ဒီအုပ်စုဝင် အများစုဟာ ၁၉၈၈ခုနှစ်တုန်းက လက်ဝဲအယူဝါဒတွေနဲ့ နိုင်ငံရေး လှုပ်ရှားမှုတွေ လုပ်ခဲ့တဲ့သူတွေပါ။ နိုင်ငံတော်က အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး အဲဒီအုပ်စုက ခေါင်းဆောင်အများစုကို ပြစ်ဒဏ်ကျခံနေရာကနေ လွှတ်ပေးလိုက်တဲ့ အချိန်ကစလို့ နိုင်ငံရေး ဇာတ်ခုံပေါ် ပြန်တက်လာသူတွေပေါ့။ ဒီအဖွဲ့တွေက ဂျင်းရှပ်ရဲ့ နည်းနာအတိုင်း အကြမ်းမဖက်ရေး လှုပ်ရှားမှုဆိုတဲ့ ခေါင်းစဉ်အောက်ကနေ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေကို လုပ်လာခဲ့။

ကျော်မင်းလူ(ရွှေပြည်သာ)၏ ဆောင်းပါး (စာ ၇၊ ၉ နှင့် ၁၀) တွင် ဖတ်ရှုနိုင်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့်ပြည်ထောင်စုစည်းရုံးရေးအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၂၈ ရက်)

ရေအားလျှပ်စစ်စီမံကိန်းများ ကြိုးပမ်းဖော်ဆောင်

နိုင်ငံတော်က စီးပွားရေးလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။ ထိုသို့ အကောင်အထည်ဖော်ခဲ့ရာတွင် ဧရာဝတီမြစ်ဝှမ်း၌ ရဲရွာစီမံကိန်း၊ ရွှေလီစီမံကိန်း၊ သဖန်းဆိပ်စီမံကိန်း၊ မုန်းချောင်းစီမံကိန်း၊ ပေါင်းလောင်းစီမံကိန်းတို့ ပါဝင်သည်။

အလားတူ ချင်းတွင်းမြစ်ဝှမ်း၌ ထမံသီစီမံကိန်း၊ မဏိပူရစီမံကိန်း၊ မြစ်သာစီမံကိန်း၊ ရေစာရေးစီမံကိန်းတို့ကို ဖော်ဆောင်လျက်ရှိသည်။

ထို့အတူ သံလွင်မြစ်ဝှမ်း၌ ကျိုင်းတောင်းစီမံကိန်းကို ဆောင်ရွက်လျက်ရှိပြီး သံလွင်တာဆန်း စီမံကိန်းကိုလည်း အကောင်အထည်ဖော်ရန် ပြင်ဆင်လျက်ရှိသည်။

ယခုအခါ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း၊ ခပေါင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ပသိရေအားလျှပ်စစ်စီမံကိန်းတို့ကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဆောလျင်စွာပြီးစီးရေး အရှိန်အဟုန်မြှင့် တည်ဆောက်လျက်ရှိသည်။ ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသည် ဖြူးမြို့အနောက်ဘက် ကွန်းချောင်းပေါ်၌ တည်ရှိရာ ၅၇ရာခိုင်နှုန်းကျော် တည်ဆောက်ပြီးစီးနေပြီဖြစ်သည်။

ခပေါင်း ရေအားလျှပ်စစ်စီမံကိန်းမှာ အုတ်တွင်းမြို့ အနောက်ဘက် ခပေါင်းချောင်းပေါ်၌တည်ရှိ၍ ၈၆ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။ စီမံကိန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်ဓာတ်အား ပျမ်းမျှကီလိုဝပ် နာရီသန်းပေါင်း ၁၁၇သန်း ထုတ်လုပ်နိုင်မည် ဖြစ်သည်။

ပသိချောင်းရေအားလျှပ်စစ်စီမံကိန်းသည် တောင်ငူမြို့ အရှေ့မြောက်ဘက် ပသိချောင်းတမံ အနီး၌ရှိပြီး စီမံကိန်းပြီးစီးပါက နှစ်စဉ်လျှပ်စစ်ဓာတ်အား ပျမ်းမျှကီလိုဝပ်နာရီသန်းပေါင်းရှစ်သန်း ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည် ဖြစ်သည်။

သို့ဖြစ်ရာ စက်မှုလက်မှုလုပ်ငန်းများ၊ အခြားစီးပွားရေးလုပ်ငန်းများတွင် အဓိကစွမ်းအင် လိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ဖြန့်ဖြူးပေးနိုင်ရန် ရေအားလျှပ်စစ်စီမံကိန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈–၉–၂၀၀၇ (သောကြာနေ့)

AM & PM

၇:၀၀–၁:၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇:၀၅–၁:၀၅ 'ကျေးဇူးသိပါကလေးရယ်' တရားတော် (ဆရာတော် အရှင်ဆန္ဒာဓိက)
၈:၀၀–၂:၀၀ စိတ်ပညာကို အခြေပြုဘဝရဲ့တိုးတက်မှု
၈:၂၀–၂:၂၀ တေးဂီတအစီအစဉ်
၈:၂၅–၂:၂၅ Myanmar Video Rhythm
၈:၅၅–၂:၅၅ မျက်စိအတွင်းတိမ်၊ ရေတိမ်ရောဂါအကြောင်း သိကောင်းစရာ (ဒေါက်တာထွန်းအောင်ကျော်)
၉:၁၅–၃:၁၅ ပြည်တွင်းသတင်းအကျဉ်း
၉:၂၅–၃:၂၅ တေးဂီတအစီအစဉ်
၉:၃၀–၃:၃၀ ယနေ့သိပ္ပံနှင့် နည်းပညာ
၉:၄၀–၃:၄၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၄၅–၃:၄၅ ကွန်ချောင်းရေလှောင်တမံ
၉:၅၅–၃:၅၅ မိုးလေဝသခန့်မှန်းချက်
၁၀:၀၀–၄:၀၀ ဖွံ့ဖြိုးဝေစည် ရေတာရှည်
၁၀:၁၅–၄:၁၅ တေးဂီတအစီအစဉ်
၁၀:၂၀–၄:၂၀ အနုပညာရပ်ဝန်းမှ ပွဲတင်သံများ'Main Street Graphic Art' ပန်းချီပြပွဲ
၁၀:၃၅–၄:၃၅ တေးဂီတအစီအစဉ်
၁၀:၄၀–၄:၄၀ သီးနှံစိုက်ပျိုးအထွက်တိုး 'ပိုးသတ်ဆေးများကို အကျိုးရှိရှိ ထိရောက်အောင် သုံးစွဲနည်း'
၁၀:၄၅–၄:၄၅ တေးဂီတအစီအစဉ်
၁၀:၅၀–၄:၅၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀–၅:၀၀ သူတို့ပြောတဲ့ သူတို့အကြောင်း (ခေမီကို အကအဖွဲ့နှင့် တွေ့ဆုံခြင်း)
၁၁:၁၅–၅:၁၅ မြန်မာ့ 'အိုး'
၁၁:၂၅–၅:၂၅ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားနှင့်ဝတ်မှုန်ကူးခြင်း)
၁၁:၃၅–၅:၃၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၄၀–၅:၄၀ Diploma Guide (International Diploma in Networks and Cyber security အကြောင်း သိကောင်းစရာ)
၁၁:၅၅–၅:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀–၆:၀၀ 'စိတ်'မှစတဲ့ သုံးထပ်ကွမ်းအကယ်ဒမီဆုရှင် 'ဝါဝါဝင်းရွှေ'
၁၂:၄၀–၆:၄၀ Yangon Panorama (Opening Ceremony of ipStar Repair Service Center (Myanmar)
၁၂:၅၀–၆:၅၀ တေးဂီတအစီအစဉ်
၁:၀၀–၇:၀၀ MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မြဝတီရုပ်မြင်သံကြား

၂၈–၉–၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄:၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၂၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၃၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၅ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၂။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆:၄၅ ၁၃။ လျှပ်တစ်ပြက်
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပုံရိပ်ပမာ** (အပိုင်း–၂၆)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ စိုက်ပျိုးသုတ
၁၉။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သစ္စာကြီးမား(သား)ပေါင်ချိန်** (အပိုင်း–၂၉)

နှစ်ဖက်သော မိဘများအား ရည်စူး၍ ရန်ကုန်တိုင်းတောင်ဥက္ကလာပမြို့နယ် ၁၂ ရပ်ကွက် မာယ ၆ လမ်း၊အမှတ်၆၁၀ နေ စာရင်းစစ်ချုပ်ရုံးညွှန်ကြားရေးမှူး(ငြိမ်း) ဦးလှကြည်– ဒေါ်ခင်ရီနှင့်သားသမီးမြေးများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် စီမံခန့်ခွဲသူများအတွက် သော့ချက်အချိုးများ (Key Management Ratios)စာအုပ် စာမူခရငွေအပါအဝင် အလှူငွေကျပ် တစ်သိန်းတစ်သောင်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ရုံးအဖွဲ့) ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)



ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာနေ ဒေါ်စံသိန်း အသက်(၇၀)ပြည့် မွေးနေ့အထိမ်းအမှတ် သုံးထပ် ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(က–ပ)

✻ **ရှေ့ဖုံးမှ**

ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၉နာရီ မိနစ်၂၀တွင် Jose' Martiအမျိုးသား ကျောက်တိုင်မှ Centre of Genetic Engineering and Biotechnology သို့ဆက်လက်သွားရောက်ခဲ့ရာ ဌာနအကြီးအကဲညွှန်ကြားရေးမှူးချုပ် Dr. Luis Henara Martinez က ကြိုဆိုပြီး အာရှဒေသဆိုင်ရာ အရောင်းမန်နေဂျာ Dr. Sergio Perez Talavera က ကျူးဘားသမ္မတနိုင်ငံ၏ ကျန်းမာရေးကဏ္ဍဆိုင်ရာ အချက်အလက်များ အပါအဝင် Centre of Genetic Engineering and Biotechnologyနှင့် စပ်လျဉ်းသည့် အချက်အလက်များ၊ ယင်းဌာနမှ ထုတ်လုပ်သည့် ဆေးဝါးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဌာနအတွင်း လိုက်လံပြသသည်။

လိုက်လံပြသ

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀နာရီခွဲတွင် Centre of Genetic Engineering and Biotechnology မှ ဆေးဝါးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူပစ္စည်းများ ထုတ်လုပ်သည့် Immunoassay Center သို့သွားရောက်ခဲ့ရာ ဌာနအကြီးအကဲ ညွှန်ကြားရေးမှူး Mr. Yvo Delgado က ကြိုဆို၍ ယင်းဌာနနှင့် စပ်လျဉ်းသည့် အချက်အလက်များ ဆေးဝါးထုတ်လုပ်မှု၊ ဆေးကုသမှုဆိုင်ရာ စက်ကိရိယာများထုတ်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဌာနအတွင်းလိုက်လံပြသသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ညနေ ၄နာရီတွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနသို့သွားရောက်၍ Raul Roa ခန်းမ၌ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Felipe Perez Roque ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးပွဲအပြီး ညနေ ၅နာရီခွဲတွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Felipe Perez Roque က ဂုဏ်ပြုတည်ခင်းဧည့်ခံသော ကျူးဘားနိုင်ငံရှိ သံတမန်အဖွဲ့မှ နှုတ်ဆက်ကြိုဆိုဧည့်ခံပွဲသို့ တက်ရောက်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် ည ၈နာရီတွင် Pink House သံတမန် ဧည့်ဂေဟာ၌ ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr.Felipe Perez Roque က တည်ခင်းသော ညစာစားပွဲသို့ တက်ရောက်သည်။

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၁၈ရက် နံနက် ၈နာရီ မိနစ် ၂၀တွင် Alamar မြို့နယ်ရှိ စိုက်ပျိုးရေးခြံ Organoponico Vivero Alamar(UBPC) သို့ သွားရောက်ခဲ့ရာ စိုက်ပျိုးရေးခြံ ကြီးကြပ်ရေးမှူး Mr. Miguel Angel Salcines Lopez ကကြိုဆိုပြီး ယင်းတို့အား စိုက်ပျိုးရေးခြံအတွင်း စိုက်ပျိုးတိုးတက်မှု အခြေအနေတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ ဥယျာဉ်ခြံအတွင်း လိုက်လံပြသသည်။

ဝန်ကြီးဦးဉာဏ်ဝင်းခေါင်းဆောင် သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၁နာရီခွဲတွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး Mrs. Marta Lomas Morales ခေါင်းဆောင်သော ကျူးဘားကိုယ်စားလှယ်အဖွဲ့နှင့် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာ–ကျူးဘား နှစ်နိုင်ငံပူးတွဲကော်မရှင် ဒုတိယအကြိမ်အစည်းအဝေးသို့ တက်ရောက်သည်။

လက်မှတ်ရေးထိုး

မြန်မာ–ကျူးဘားနှစ်နိုင်ငံ ပူးတွဲကော်မရှင် ဒုတိယအကြိမ် အစည်းအဝေးကို မွန်းလွဲ၁၂နာရီခွဲတွင်ပြီးဆုံးရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းနှင့် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု ဝန်ကြီးဌာန ဝန်ကြီး Mrs. Marta Lomas Morales တို့က နှစ်နိုင်ငံဆွေးနွေးချက် မှတ်တမ်းကို လက်မှတ်ရေးထိုး လဲလှယ်ကြသည်။

ဝန်ကြီးသည် မွန်းလွဲ ၁ နာရီတွင် ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဝန်ကြီး Mrs. Marta Lomas Morales က ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဝန်ကြီးဌာန ဧည့်ဂေဟာ၌ တည်ခင်းသော နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

တွေ့ဆုံဆွေးနွေး

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ၁၉ရက် နံနက် ၁၁နာရီတွင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်တင့်ဆွေ လိုက်ပါလျက် ကျူးဘားသမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဌာနချုပ်သို့ သွားရောက်ကာ ပါတီဗဟိုကော်မတီ အတွင်းရေးမှူးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှူး Mr. Fernando Remirez de Estenoz နှင့် တွေ့ဆုံဆွေးနွေးသည်။

ဝန်ကြီးနှင့်အဖွဲ့သည် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပမည့် (၆၂)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ရန် ညနေ ၃ နာရီ ၁၀မိနစ်တွင် ဟားဗားနားမြို့ Jose' Marti အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ နယူးယောက်မြို့သို့ ဆက်လက်ထွက်ခွာသွားသည်။

ပို့ဆောင်နှုတ်ဆက်

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်းအား ကျူးဘားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Marcelino Mesina,Asia and Oceania Development ညွှန်ကြားရေးမှူး Mr. Alberto J.Blanco Silva တို့က လေဆိပ်သို့ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးမြင့်အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ရထားများ အချိန်ပြောင်းလဲ ပြေးဆွဲပေးမည်

နေပြည်တော် စက်တင်ဘာ ၂၇

ခရီးသွားပြည်သူများ အဆင်ပြေ လွယ်ကူ ချောမွေ့စွာ သွားလာနိုင်ရန်အတွက် ယခင်နံနက် ၃နာရီ၁၅မိနစ်တွင် ထွက်ခွာသည့် ရန်ကုန်–နေပြည်တော် (၃၁) အဆန်ရထားသည် ရန်ကုန်မှ နံနက် ၈နာရီတွင် စတင်ထွက်ခွာမည်ဖြစ်ပြီး နေပြည်တော်သို့ ညနေ ၄ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။ ထို့အတူ နေပြည်တော်မှ ရန်ကုန်သို့ ထွက်ခွာမည့် အမှတ်(၈)အစုန် ရထားသည် မွန်းလွဲ ၁နာရီ ၄၅မိနစ်အစား နံနက်၁၀နာရီတွင် နေပြည်တော်မှ ထွက်ခွာ၍ ရန်ကုန်သို့ ညနေ ၆နာရီ၄၅မိနစ်အချိန် ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ရှိ ကျန်းမာရေးလုပ်ငန်းများ ဝန်ကြီး ဒေါက်တာကျော်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်သည် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် သထုံခရိုင် ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး လူနာဆောင်များ၊ ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း၊ သွားရောဂါကု ပြင်ပလူနာဌာနများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ခုတင်(၅၀)ဆံ့ဆေးရုံသစ် ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက လိုအပ်ချက်များကို မှာကြားသည်။

တွေ့ဆုံ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိကာ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ကြီးက လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားရာတွင် ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ ၂၄ရက် နံနက်ပိုင်းက မြဝတီခရိုင် ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး၊ အထူးကုဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူးက မြဝတီခရိုင်နှင့်စပ်လျဉ်းသည့် ကျန်းမာရေးအခြေအနေများကိုရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် နှစ်နိုင်ငံ ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှု ညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးခဲ့ကြသည့် လုပ်ငန်းစဉ်များအတိုင်း နှစ်နိုင်ငံ ဆက်စပ်နေသည့် မြဝတီမြို့၌လည်း ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အထူးသဖြင့် ကူးစက်ရောဂါများနှင့် ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို နှစ်နိုင်ငံ အချင်းချင်း သတင်းဖလှယ်ခြင်းနှင့် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ မြဝတီမြို့နယ်သည် နယ်စပ်ဒေသမြို့နယ်ဖြစ်သည့်အတွက် အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းမျိုး တန်းတူညီတူ ရရှိစေရေးအတွက် ကြိုးပမ်း ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်တစ်ခုဖြစ်သည့်ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးပညာပေးရန်ဟူသောအချက်ကို တာဝန်ရှိသူအသီးသီးမှလက်တွေ့ကျကျအကျိုးရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း ဖြင့်အကျယ်တဝင့် မှာကြားသည်။

လှူဒါန်း

ဆက်လက်၍ မြဝတီခရိုင် ကျန်းမာရေးကြီးကြပ်မှု ကော်မတီအတွက် ဌာနဆိုင်ရာများ၊ ပြည်သူများ လှူဒါန်းငွေကျပ်သိန်း၁၂သိန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနအတွက် ခြင်ဆေးမှုတ်စက်တို့ကို အလှူရှင်နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဒေါက်တာကျော်မြင့်ကလက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကော့ကရိတ်ခရိုင် ပြည်သူ့ဆေးရုံကြီး၊ ကျုံဒိုးတိုက်နယ်ဆေးရုံ၊ ဘားအံမြို့နယ် လွန်းည ကျေးလက်ကျန်းမာရေးဌာနခွဲသို့လည်းကောင်း၊ ဘားအံမြို့နယ် အိန္ဒုတိုက်နယ်ဆေးရုံသို့လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပူးပေါင်း

ဝန်ကြီးနှင့်အဖွဲ့သည် စက်တင်ဘာ၂၅ရက် နံနက်ပိုင်းတွင် သထုံမြို့နယ် သိမ်ဆိပ်တိုက်နယ် ဆေးရုံနှင့် ဘီးလင်းပြည်သူ့ဆေးရုံသို့ရောက်ရှိ လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကျန်းမာရေး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဒေသကျန်းမာ ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် လာမည့်နိုဝင်ဘာနှင့်ဒီဇင်ဘာအတွင်း ပြုလုပ်မည့် အမျိုးသားကာကွယ်ဆေးတိုက်နေ့များ (၂၀၀၇) ခုနှစ်လုပ်ငန်းတွင် လွှမ်းခြုံမှုရာနှုန်းပြည့် ရရှိစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ဖြည့်ဆည်း

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း(အရှေ့)ဝေါမြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီးအတွင်း လူနာဆောင်၊သားဖွားခန်း၊ခွဲစိတ်ခန်း၊ ဓာတ်ခွဲခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များကို မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၂၇–၉–၂၀၀၇

မြစ်ကြီးနား	၃ ဒသမ	၁၉ လက်မ
ရန်ကုန် (မင်္ဂလာဒုံ)	၁ ဒသမ	၉၃ လက်မ
တောင်ကြီး	၁ ဒသမ	၇၄ လက်မ
ပင်လောင်း	၁ ဒသမ	၅၇ လက်မ
မချမ်းဘော	၁ ဒသမ	၄၂ လက်မ
ရန်ကုန် (ကမ္ဘာအေး)	၁ ဒသမ	၁၈ လက်မ



ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

❒ နယူးဇီလန်နိုင်ငံရှိ ယူရာပီဟူမီးတောင်သည် စက်တင်ဘာ ၂၆ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ မီးခိုးများနှင့်ပြာမှုန်များ ဝေဟင်သို့ အမြင့်သုံးမိုင်အထိ ရောက်ရှိပျံ့လွင့်လျက်ရှိကြောင်း၊ ချော်ရည်များနှင့် ကျောက်တုံးများ စီးဆင်းလိမ့်ကျခဲ့မှုကြောင့် မီးတောင်အနီးဝန်းကျင်ရှိ ဒေသခံပြည်သူသုံးဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(ယာပုံ)**

❖ **လာမည့် ၂၀၀၈ခုနှစ် မယ်စကြဝဠာရွေးချယ်ပွဲကို ဗီယက်နမ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း ဗီယက်နမ်မီဒီယာများက စက်တင်ဘာ ၂၇ရက်၌ ဖော်ပြသည်။**

❒ သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ဂျာဖနာအရပ်တွင် စက်တင်ဘာ ၂၇ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ စုစုပေါင်း လူ၂၀ သေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ဖော်ပြသည်။

❖ **မလေးရှားနိုင်ငံ လန်ကာဝီမြို့ရှိ ရေအောက်ငါးပြတိုက်တစ်ခု၏ ရေလှောင်ကန်များတွင် အဆိပ်သင့်မှုကြောင့် ငါးမန်းများနှင့်အခြားငါးများအပါအဝင် စုစုပေါင်း ငါးကောင်ရေ ၅၀၀ခန့် သေဆုံးခဲ့ကြောင်း မလေးရှားမီဒီယာများက စက်တင်ဘာ ၂၇ရက်၌ဖော်ပြသည်။**

❒ အင်္ဂါဂြိုဟ်လေ့လာရေးနှင့် နေဂြိုဟ်လေ့လာရေးတို့အတွက် နာဆာက အာကာသယာဉ်တစ်စင်းကို မကြာမီလွှတ်တင်မည်ဖြစ်ကြောင်း၊ သို့သော် နေ့ရက်အတိအကျ မထုတ်ပြန်သေးကြောင်း စက်တင်ဘာ၂၇ရက်က ထုတ်ပြန်သော အင်တာနက်သတင်း၌ဖော်ပြသည်။

❖ **တရုတ်နိုင်ငံအရှေ့ပိုင်း ကျန်စီပြည်နယ် ဖူကျိုမြို့ရှိ ညကပွဲရုံတစ်ခုတွင် စက်တင်ဘာ ၂၇ရက်က မီးလောင်မှုဖြစ်ပွားရာ ၁၂ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရကြောင်း မတော်တဆဖြစ်ရပ်ကြောင့် မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

❒ ထိုင်းနိုင်ငံမြောက်ပိုင်း တာဖန်ဟင်ခရိုင်ရှိ ကျေးရွာသားတစ်ဦးတွင် H_5N_1 ဗိုင်းရပ်စ်ပိုး ကူးစက်ခံရကြောင်း ထိုင်းမီဒီယာများက စက်တင်ဘာ၂၇ရက်၌သတင်းထုတ်ပြန်ပြီး သတိပေးချက်များထုတ်ပြန်ထားကြောင်းသိရသည်။

❖ **အသက် ၄၃ နှစ်အရွယ်ရှိ ရုရှားအမျိုးသမီးကြီးတစ်ဦးက မကြာမီက မွေးဖွားခဲ့သော သူမ၏ ၁၂ယောက်မြောက် ကလေး၏ မွေးဖွားစ ကိုယ်အလေးချိန်မှာ ၁၇ပေါင် တစ်အောင်စရှိရာ ကမ္ဘာပေါ်တွင် မွေးဖွားစ ကိုယ်အလေးချိန် အများဆုံး ကလေးကို မွေးဖွားနိုင်ခဲ့ခြင်းဖြစ်ကြောင်း စက်တင်ဘာ ၂၇ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။** (ယာပုံ)(အင်တာနက်)

ကချင်ပြည်နယ် မိုးညှင်းမြို့တွင် NLD ပါတီဝင်က အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်မှ ကျောင်းထိုင်ဆရာတော်အား ဆူပူဆန္ဒပြမှုတွင်ပါဝင်ရန် စည်းရုံး ဆရာတော်နှင့်ကျောင်းရှိသံဃာများက လက်မခံသဖြင့် ပြန်ထွက်သွားရ

နေပြည်တော် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၄ရက် မွန်းလွဲ ၁နာရီခွဲခန့်က ကချင်ပြည်နယ် မိုးညှင်းမြို့ အရှေ့ကျောင်းပရိယတ္တိစာသင်တိုက်သို့ NLDပါတီမှ ရွေးချယ်ခံ ကိုယ်စားလှယ် ဦးကျော်မောင် ရောက်ရှိလာပြီး ကျောင်းထိုင်ဆရာတော် ဦးဇယံသနှင့် သံဃာအချို့အား ဆူပူဆန္ဒပြတန်းစီလမ်းလျှောက်ရာတွင် ပါဝင်ရန် စည်းရုံးလျှောက်ထားခဲ့သည်။

လက်မခံနိုင်

သို့ရာတွင် ဝိနည်းတော်နှင့်အညီ သီတင်းသုံး နေထိုင်လျက်ရှိသော ကျောင်းထိုင်ဆရာတော် ဦးဇယံသက မိမိတို့ ကျောင်းမှ မိမိ အပါအဝင် သံဃာများအနေဖြင့် ဤသို့မလုပ်နိုင်ကြောင်း၊ ၈၈ အရေးအခင်းမှာကဲ့သို့ အမည်းစက် အတင်မခံနိုင်ကြောင်း၊ မိမိကျောင်းတိုက်မှ သံဃာများအား ခုတုံးလုပ် အသုံးချ မခံနိုင်ကြောင်း၊ ကျောင်းတိုက်အတွင်း သာသနာ့ ဗိမာန်နှင့် ဆေးခန်းဆောက်လုပ်စဉ်ကလည်း NLD က ပါဝင်ကူညီမှု မရှိခဲ့ဘဲ သက်ဆိုင်ရာကသာ ဝိုင်းဝန်းဆောင်ရွက်ကူညီပံ့ပိုးခဲ့ကြောင်း၊ NLD အနေဖြင့် ရပ်ရွာအကျိုး၊ သာသနာအကျိုးကိစ္စများတွင် ပါဝင်ကူညီမှု လုံးဝမရှိခဲ့ဘဲ ယခုကဲ့သို့ ရပ်ရွာတည်ငြိမ်အေးချမ်းမှု ပျက်ပြားလာအောင် စည်းရုံးဆောင်ရွက်လာသည်ကို လက်မခံနိုင်ကြောင်း တင်းမာပြတ်သားစွာ ပြန်လည်ပြောကြားခဲ့သဖြင့် ဦးကျော်မောင်မှာ ပြန်လည် ထွက်သွားခဲ့သည်။

မိုးညှင်းမြို့ အရှေ့ကျောင်း ပရိယတ္တိစာသင်တိုက်တွင် စာသင်သံဃာ အပါး ၁၀၀ကျော်ရှိပြီး သံဃာများ ဆူပူဆန္ဒပြမှုတွင် တစ်ပါးမျှ ပါဝင်ပတ်သက်လှုပ်ရှားမှုမရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အတွင်းဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများ လက်ရှိဖြစ်ပေါ်နေသော ဆူပူအုံကြွမှုများနှင့်ပတ်သက်၍ သက်ဆိုင်သူလေးဦးအား ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၇

နိုင်ငံတော်အတွင်း ဖြစ်ပေါ်ခဲ့သော အကြမ်းဖက်မှုများနှင့် လက်ရှိ ဖြစ်ပေါ်နေသော ဆူပူအုံကြွမှုများနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းရန် လိုအပ်သဖြင့် NLD ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးလှဖေ၊ NLD သတင်းနှင့်ပြန်ကြားရေးအဖွဲ့ဝင် ဦးမြင့်သိန်း၊ တရားမဝင်ဖွဲ့စည်းထားသော CRPP အဖွဲ့ဝင်များဖြစ်ကြသော ဖျက်သိမ်းပြီးဖြစ်သည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးထောင်ခိုထန်းနှင့် ဇိုမီးအမျိုးသားကွန်ဂရက်မှ ဦးပူကျင့်ရှင်းထန်တို့ လေးဦးအား စက်တင်ဘာ ၂၆ရက်တွင် သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆန္ဒပြဆူပူမှုများတွင် လူထုပါဝင်သယောင် ထင်ယောင်ထင်မှားဖြစ်စေရန်နှင့် လူအင်အားများပြားစေရန် NLD ပါတီက အခကြေးငွေပေး၍ နေ့စားလူငှားများ ထည့်သွင်းဖန်တီးဆောင်ရွက်၊ မြို့နယ်အသီးသီးတွင် တွေ့ဆုံမေးမြန်းခန်းများပြုလုပ်၍ မမှန်သတင်းများ လုပ်ကြံဖန်တီးထုတ်လွှင့်ရန် စီစဉ်ဆောင်ရွက်မှုများရှိနေ

နေပြည်တော် စက်တင်ဘာ ၂၇

စက်တင်ဘာ ၂၅ရက် မွန်းလွဲ ၁၂နာရီခွဲခန့်က ပဲခူးတိုင်း(အနောက်ပိုင်း) ဇီးကုန်းမြို့ မြသိန်းတန်ကျောင်းတိုက်တွင် သံဃာ ၁၀၀ခန့် စုစည်းခဲ့ကြပြီး မွန်းလွဲ ၁နာရီမှစ၍ ဇီးကုန်းမြို့ ဘုရားလမ်း၊ ကုန်သည်လမ်း၊ စည်ပင်လမ်း၊ ဈေးလမ်း အစရှိသော မြို့တွင်းလမ်းများအတိုင်း စီတန်းလှည့်လည်ခဲ့ကြကြောင်း၊ သံဃာများ နောက်မှနေ၍ မြို့နယ် NLD မှ ဒေါ်ခင်ဝိုင်း အပါအဝင် NLD ပါတီဝင် ရှစ်ဦးခန့်နှင့် အရပ်သား ၁၁ဦးခန့်လိုက်ပါပြီး ကြွေးကြော်သံများ ဟစ်အော်၍လည်းကောင်း၊ ဆိုင်းဘုတ်များကိုင်ဆောင်၍ လည်းကောင်း လိုက်ပါခဲ့ကြကြောင်း သိရသည်။

လူငှားဖန်တီး

၎င်းအဖွဲ့သည် မွန်းလွဲ ၂နာရီ ၁၅မိနစ်ခန့်တွင် လူစုခွဲ၍ သံဃာများမှာ မြသိန်းတန်ကျောင်းတိုက်အတွင်းသို့ ပြန်လည်ဝင်ရောက်သွားကြသည်။ ဤသို့ NLD ပါတီဝင်များနှင့်အတူ လိုက်ပါလမ်းလျှောက်ခဲ့သည့် အရပ်သား ၁၁ဦးခန့်မှာ မြို့နယ် NLD မှ နေ့စားဖြင့် အခကြေးငွေပေးပြီး ငှားရမ်းအော်ဟစ်ခိုင်းသောသူများသာ ဖြစ်ကြောင်း၊ ယခုဖြစ်ပွားနေသော ဆူပူဆန္ဒပြမှုများတွင် ပြည်သူလူထုက ပါဝင်သယောင် ဖန်တီးနိုင်ရေးအတွက် NLD ပါတီအနေဖြင့် ယခုကဲ့သို့ အခကြေးငွေပေး၍ လူငှားဖန်တီးကာ လုပ်ကြံဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

ထင်မြင်ချက်မေးမြန်း

အလားတူ စက်တင်ဘာ ၂၄ရက် ည ၈နာရီ မိနစ် ၄၀ခန့်က ထိုင်းနိုင်ငံအခြေစိုက် ဧရာဝတီသတင်းဌာနမှ ကိုသက်ဆိုသူနှင့် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး ပေါင်းသုံးဦးတို့သည် မကွေးတိုင်း အောင်လံမြို့ စမ်းချောင်းရပ်ကွက် ဇေယျာသုခဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးဒေဝိန္ဒထံသို့ ရောက်ရှိလာပြီး ကိုသက်ဆိုသူမှ ၎င်း၏ ဝန်ထမ်းကတ်ထုတ်ပြကာ အတူပါလာသည့် အမျိုးသမီးက အသံဖမ်းစက်ကိုင်ဆောင်အသုံးပြု၍ ဆရာတော်မှာ အောင်လံမြို့နယ် သံဃနာယက စည်းကမ်းထိန်းသိမ်းရေး အတွင်းရေးမှူး ဟုတ်မဟုတ် စက်တင်ဘာ ၁၇ရက်က အောင်လံမြို့နယ်အတွင်းရှိ သံဃာများ စုပေါင်း၍ ကံဆောင်သပိတ်မှောက်မည့်ကိစ္စကို ပိတ်ဆို့တားဆီးလိုက်သည် ဆိုသည်မှာ မှန်မမှန်၊ နိုင်ငံတော်အတွင်း သံဃာများ ကံဆောင်သပိတ်မှောက်ခြင်းနှင့် ပတ်သက်၍ ဆရာတော်၏ ထင်မြင်ချက်တို့ကို မေးမြန်းခဲ့ကြောင်း သိရသည်။

သပိတ်မှောက်ရန်မလို

ဤသို့ မေးမြန်းမှုအပေါ် ဆရာတော်ကြီးက ပြန်လည်မိန့်ကြားရာတွင် မြို့နယ် သံဃနာယက စည်းကမ်းထိန်းသိမ်းရေး အတွင်းရေးမှူး ဟုတ်မှန်ကြောင်း၊ စက်တင်ဘာ ၁၇ရက်တွင် အောင်လံမြို့နယ်အတွင်းရှိ သံဃာများနှင့် ပြုလုပ်မည့် ဝါပကာလ ဆွမ်းလောင်းလှူနိုင်ရေး၊ ဖိတ်ကြားထားသည့် အစည်းအဝေးအား နာယက ဥက္ကဋ္ဌ ဆရာတော်ကျန်းမာရေးမကောင်းသဖြင့် ရွှေ့ဆိုင်းလိုက်ခြင်းသာ ဖြစ်ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေနှင့် ပတ်သက်၍ မိမိ မည်သို့မျှ မထင်ကြောင်းနှင့် မိမိတို့ကျောင်းအနေဖြင့်လည်း သပိတ်မှောက်ရန် မလိုကြောင်း၊ လုပ်လည်း လုပ်မည်မဟုတ်ကြောင်းဖြင့် မိန့်ကြားခဲ့ကြောင်း သိရသည်။

လှည့်လည်သတင်းယူ

ဆက်လက်၍ ဆရာတော်ကြီးက ၎င်းအဖွဲ့အား မည်သည့်နေရာတွင် တည်းခိုသည်ကို မေးမြန်းရာ ၎င်းအဖွဲ့က မြို့နယ်အသီးသီးတွင် လှည့်လည်သတင်းယူနေသော အဖွဲ့ဖြစ်ကြောင်းနှင့် တောင်တွင်းကြီးမြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း ပြောဆိုလျှောက်ထားပြီး ည ၉နာရီ ၁၀မိနစ်ခန့်တွင် ပြန်လည်ထွက်ခွာသွားသည်။

ငွေကြေးပေးစည်းရုံး

ဤသို့ ငွေကြေးပေး စည်းရုံးကာ ဆူပူမှုတွင် ပါဝင်စေခြင်း၊ ပြည်ပသတင်းဌာနများက ငွေကြေးဖြင့် စေခိုင်းထားသူများက ဒေသအသီးသီးသို့ လှည့်လည် သတင်းယူကာ မမှန်သတင်းများ ထုတ်လွှင့် ဝါဒဖြန့်ခြင်းများရှိနေသဖြင့် ပြည်သူလူထုအနေဖြင့် သတိပြုကြရန် သက်ဆိုင်ရာက နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

ဆူပူဆန္ဒပြသူများ၏ မမှန်မကန်သတင်းထုတ်လွှင့်ကာ လုပ်ကြံဖန်တီးမှုကြောင့် သံဃာနှင့် လူအင်အား၅၀ခန့်က ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်၏နေအိမ်သို့ ဝိုင်းဝန်း ရန်ပြုရန်ကြိုးပမ်း

နေပြည်တော် စက်တင်ဘာ ၂၇

ယနေ့ဖြစ်ပေါ်နေသော ဆန္ဒပြဆူပူမှုများတွင် ပါဝင်နေသူများသည် ဆူပူဆန္ဒပြခြင်းသာမက ပြည်သူလူထုအား အကြမ်းဖက် ခြိမ်းခြောက်မှုများကိုပါ လုပ်ဆောင်လျက်ရှိရာ စက်တင်ဘာ ၂၆ရက် ညနေ ၄နာရီခန့်က ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ထူး နေထိုင်ရာ အမှတ် ၁၆ အာဇာနည်လမ်း ဆရာစံတောင်ရပ်ကွက် ဗဟန်းမြို့နယ်ရှိ နေအိမ်သို့ သံဃာငါးပါးမှ လာရောက်စုံစမ်းကြောင်း၊ ဤသို့စုံစမ်းမှုအား ဦးအောင်ထူး၏မိတ်ဆွေတစ်ဦးက ဦးအောင်ထူးထံဆက်သွယ်အကြောင်းကြားသဖြင့် ဦးအောင်ထူး၏ ဇနီးနှင့် သားသမီးငါးဦးအား အခြားတစ်နေရာသို့ ရွှေ့ပြောင်းနေထိုင်စေခဲ့သည်။

လူစုကွဲသွား

စက်တင်ဘာ ၂၆ရက် ည ၈နာရီခန့်တွင် ဦးအောင်ထူး၏နေအိမ်သို့ တုတ်၊ ဓားများ ကိုင်ဆောင်ထားသည့် သံဃာနှင့် လူ ပူးပေါင်းအင်အား ၅၀ခန့် ရောက်ရှိပြီး ဦးအောင်ထူးအား ရှာဖွေခဲ့ကြောင်း၊ အဆိုပါ ဖြစ်စဉ်အား ရပ်ကွက်ပြည်သူနှင့် သက်ဆိုင်ရာအာဏာပိုင်များက လုံခြုံရေးတပ်ဖွဲ့ဝင်များထံ သတင်းပို့အကြောင်းကြားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိလာသဖြင့် အဆိုပါအကြမ်းဖက်အုပ်စုမှာ လူစုကွဲသွားကြောင်းသိရသည်။

ရန်ပြုရန်ဆောင်ရွက်ခဲ့

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ သိရသည်မှာ ၁၉၉၅ခုနှစ်က ရန်ကုန်တိုင်း NLD ပါတီလူငယ်ခေါင်းဆောင် မျိုးမင်းဇော် ပြစ်မှုကျူးလွန်ခြင်းကြောင့် အဖမ်းခံခဲ့ရခြင်းကို မကျေနပ်သဖြင့် ၎င်း၏အစ်မနှင့် ညီမဖြစ်ကြသော မဆွေဆွေခိုင်နှင့် ယခု ဆူပူအကြမ်းဖက်မှုတွင်လည်း ပါဝင်နေသော မရီရီလှိုင်တို့က ၎င်းတို့၏အစ်ကို ပြစ်ဒဏ်ကျခံရခြင်းနှင့် ပတ်သက်၍ ဦးအောင်ထူးအား မကျေနပ်သဖြင့် ဆန္ဒပြသံဃာများအား ရိုက်နှက်ရာတွင် ဦးအောင်ထူး ပါဝင်သည်ဟု ရပ်ကွက်အတွင်း မဟုတ်မမှန် လုပ်ကြံသတင်းဖြန့်ခြင်းကြောင့် ယခုကဲ့သို့ လာရောက်ဝိုင်းဝန်းရှာဖွေ ရန်ပြုရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးတစ်ကြိမ်နှစ်ကြိမ်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

စာတ်အားခွဲရုံအဆောက်အအုံ အမြန်ပြီးပြတ်အောင်ဆောင်ရွက်

ပစ္စည်းကိရိယာများ စနစ်တကျတပ်ဆင်နိုင်ရေးညှိနှိုင်း

ဝန်ကြီးဗိုလ်ချုပ်စောလွင် သဲပြုစာတ်အားခွဲရုံနှင့် သာဂရစက်မှုနယ်မြေစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၂၇

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ပဲခူးတိုင်း မြို့လှမြို့နယ်ရှိ သာဂရစက်မှုနယ်မြေအတွက် လျှပ်စစ်ဓာတ်အားရယူရန် တည်ဆောက်လျက်ရှိသော သဲပြုဓာတ်အားခွဲစက်ရုံ တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူး ဦးခင်ဝင်းက ဓာတ်အားခွဲရုံတည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်းကောင်း၊ ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံ အထွေထွေမန်နေဂျာ ဦးအေးသောင်းက ဓာတ်အားခွဲရုံမှ စက်မှုနယ်မြေသို့ ဓာတ်အားလိုင်းသွယ်တန်းရန်အတွက် ကွန်ကရစ်တိုင်များ တိုင်ထောင်ပြီးစီးမှုနှင့် လျှပ်စစ်ဓာတ်အား လိုင်းကြိုးများသွယ်တန်းပြီးစီးမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြပြီး မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင် ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

မှာကြား

ရှင်းလင်း တင်ပြချက်များအပေါ် ဝန်ကြီးက ဓာတ်အားခွဲရုံ အဆောက်အအုံကိုအမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများစနစ်တကျတပ်ဆင်နိုင်ရေးအတွက်သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရန်၊ လျှပ်စစ်ဓာတ်အားလိုင်းကြိုးများ သွယ်တန်းမှုကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ စက်ပစ္စည်းအစိတ်အပိုင်းများ မတပ်ဆင်မီ စနစ်တကျနှင့်လုံခြုံစွာ ထိန်းသိမ်းထားရှိရန်တို့ကို မှာကြားပြီး ဝန်ကြီးသည် ဓာတ်အားခွဲရုံ အဆောက်အအုံအတွင်း Control Panelများတပ်ဆင်ထားရှိမှု၊ Transformerများတပ်ဆင်ပြီးစီးမှုနှင့် Galvanized Steel Tower တိုင်များ တပ်ဆင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်း ရေတာရှည်မြို့နယ် အမှတ်(၂)စက်မှုဝန်ကြီးဌာန သာဂရစက်မှုနယ်မြေသို့ သွားရောက်စစ်ဆေးရာ ဘက်စုံသုံး ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုစက်ရုံအထွေထွေမန်နေဂျာ ဦးအေးသောင်းက စီမံကိန်းအလုပ်ရုံအဆောက်အအုံများတွင် Steel Structure များ တပ်ဆင်နေမှုများနှင့်တပ်ဆင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုကိုရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှု စက်ရုံစီမံကိန်း အလုပ်ရုံအဆောက်အအုံများ ဆောက်လုပ်ပြီးစီးမှုများနှင့် စက်ပစ္စည်းများတပ်ဆင်ရန်အတွက် ကြိုတင်နေရာချထားမှုများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့မော်တော်ယာဉ်နှင့် ဒီဇယ်အင်ဂျင်ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမြင့်သိန်းနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက စီမံကိန်းတစ်ခုချင်းအလိုက် တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရေး၊ ဘက်စုံသုံးဒီဇယ်အင်ဂျင်ထုတ်လုပ်မှု စက်ရုံစီမံကိန်း အလုပ်ရုံများအတွက် Steel Structure များကို အလုပ်ရုံအလိုက် စနစ်တကျ ထိန်းသိမ်းတပ်ဆင်ဆောင်ရွက်သွားရေး၊ မြေထိုးစက်၊ မြေတူးစက်ထုတ်လုပ်မှု စက်ရုံစီမံကိန်းတွင် စက်ပစ္စည်းများ အချိန်မီတပ်ဆင်နိုင်ရန်အတွက် တည်ဆောက်မှုလုပ်ငန်းများ အမြန်ပြီးပြတ်အောင် ဆောင်ရွက်ရေး၊ အလုပ်ရုံအလိုက် တပ်ဆင်မည့် စက်ပစ္စည်းများနှင့် တပ်ဆင်မည့်နေရာတို့ကို စာရင်းပြုစုထားရှိရေး၊ စက်တပ်ဆင်ရေးပိုင်းအတွက် လိုအပ်သော ကြိုတင်လေ့လာ ပြင်ဆင်မှုများ ပြုလုပ်ထားရှိရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ အလေအလွင့်နည်းပါးစေရေးနှင့် စက်သုံးဆီ ချွေတာရေးတို့ကို ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မဏ္ဍိုမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲ ဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းများ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာ ပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန် တိုင်း ဗဟန်းမြို့နယ်(၂) လမ်း အမှတ် ၁၈ နေ နှစ်ဖက်မိဘများဖြစ်ကြသော ဦးထွန်းအောင်-ဒေါ်သန်းတင်၊ ဦးညွန့်စိန်-ဒေါ်ခင်ညွန့်မေ တို့အား ရည်စူး၍ ဒေါက်တာသန်းထွင့်-ဒေါ်မူမူအောင်၊(သား)ကိုသန်းဇော်အောင်၊ ကိုဇော်ထွင့်အောင်၊ (သမီး)မြဒါလီထွင့်မိသားစုက ကျောင်းအလှူငွေကျပ်တစ်သိန်းကို လှူဒါန်းရာ အကျိုးဆောင် ဒေါ်ကေသက်မော်ကလက်ခံပြီး ကျောင်းဖြစ်မြောက်ရေး အကျိုးဆောင် ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ

သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကျင်းပ

တာယာအရွယ်အစား ၁၁ မျိုးကို တစ်နှစ်လျှင် အလုံးရေသုံးသိန်းထုတ်လုပ်နိုင်မည်

နေပြည်တော် စက်တင်ဘာ ၂၇

အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှု လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ China CAMC Engineering Co., Ltd တို့၏ ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံ စီမံကိန်းအကောင်အထည်ဖော်ရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားကို စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီက နေပြည်တော်ရှိ အမှတ်(၂)စက်မှု ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီးနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရာသံမှူး Mr. Tang Hai၊ China CAMC Engineering Co., Ltd. President, Ms. Luo Yanနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ အမှတ်(၂)စက်မှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောလွင်က အမှာစကားပြောကြားသည်။ ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် China CAMC Engineering Co., Ltd. President, Ms. Luo Yanတို့က စီမံကိန်းဆိုင်ရာများကို ရှင်းလင်း ပြောကြားကြသည်။

လက်မှတ်ရေးထိုး

ယင်းနောက် ရေဒီယယ်တာယာထုတ်လုပ်မှု စက်ရုံစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ သဘောတူစာချုပ်ကို မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးဇွန်းနှင့် China CAMC Engineering Co., Ltd. President, Ms. Luo Yan တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို လဲလှယ်ကြသည်။

ထုတ်လုပ်နိုင်မည်

ယခုချုပ်ဆိုသည့် သဘောတူစာချုပ်အရ အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်းထုတ်လုပ်မှုလုပ်ငန်းနှင့် China Came Engineering Co., Lrd တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၃၃ သန်းဖြင့် မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ရေဒီယယ်တာယာထုတ်လုပ်မှုစက်ရုံကို တည်ထောင်မည်ဖြစ်သည်။ အဆိုပါ စက်ရုံပြီးစီးပါက ရေဒီယယ်တာယာအရွယ်အစား ၁၁ မျိုးကို တစ်နှစ်လျှင် တာယာလုံးရေ ၃၀၀၀၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ထုတ်လုပ်မည့် တာယာ၏ ၄၀ ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ရေကြောင်းသတိပေး ထုတ်ပြန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော Chinnery Assets Limitd.သည် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် AD-1, AD-8 နှင့် AD-6တို့တွင် 2D Seismic Survey တိုင်းတာရေးလုပ်ငန်းများကို တိုင်းတာရေး ရေယာဉ် DONGFANGKANTAN NO-1 ဖြင့် ၂၀၀၇ခုနှစ် နိုဝင်ဘာ ၁ရက်မှ ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၄ရက်ခန့်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

တည်နေရာအကျယ်အဝန်း

2D Seismic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့် တည်နေရာဧရိယာ အကျယ်အဝန်းမှာ လုပ်ကွက်အမှတ် AD-1 တွင် Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ၀၉မိနစ် ၀၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ၀၀ မိနစ် ၀၀စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ၅၃မိနစ်၊၀၀စက္ကန့်၊ Point-Cမြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၀၀ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ်၊ ၀၀စက္ကန့်၊ Point-A မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ်၉၂ဒီဂရီ၀၉မိနစ်၀၀စက္ကန့်အတွင်းတွင် လည်းကောင်း၊ လုပ်ကွက် အမှတ် AD-8တွင် Point-A မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၆မိနစ် ၀၀စက္ကန့်၊အရှေ့လောင်ဂျီတွဒ် ၉၁ ဒီဂရီ ၃၅ မိနစ်၀၀စက္ကန့်၊ Point-B မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၃၆ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉မိနစ် ၀၀ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၀၀မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၂၀မိနစ် ၀၀စက္ကန့်၊ Point-E မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၂၄မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၂၅ မိနစ် ၀၀ စက္ကန့်၊ Point-A မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၃၆မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၁ဒီဂရီ ၃၅မိနစ် ၀၀ စက္ကန့်အတွင်းတွင် လည်းကောင်း လုပ်ကွက် အမှတ် AD-6 တွင် Point-A မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၉မိနစ် ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၁၀ စက္ကန့်၊ Point-B မြောက်လတ္တီတွဒ်၂၀ ဒီဂရီ ၁၅ မိနစ် ၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၄၄ မိနစ် ၀၀ စက္ကန့်၊ Point-C မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၁၆ မိနစ် ၀၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၀၉ မိနစ် ၀၀ စက္ကန့်၊ Point-D မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၂ မိနစ် ၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂၅ မိနစ်၁၀စက္ကန့်၊ Point-E မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၂ မိနစ် ၅၃ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၂၇ မိနစ် ၃၅စက္ကန့်၊ Point-A မြောက်လတ္တီတွဒ် ၂၀ဒီဂရီ ၂၉ မိနစ် ၅၀စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၃၅ မိနစ် ၁၀ စက္ကန့်အတွင်းတွင် ဖြစ်သည်။

အသိပေးထုတ်ပြန်ထား

သို့ဖြစ်ပါ၍ တိုင်းတာရေး ရေယာဉ် DONG FANG KAN TAN NO-1ဖြင့် 2D Seimic Survey တိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာမှ လေးကီလိုမီတာ ပတ်လည်အတွင်းကို ရေကြောင်းသတိပေးချက်(Notice to Mariner's) ထုတ်ပြန်ကြေညာထားသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင်စက်လှေများ၊ စက်တပ်သမ္ဗန်များနှင့် ငါးဖမ်းသင်္ဘောများ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းနှင့် ငါးဖမ်းဆီးခြင်းမပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း

ကလေးဆေးရုံကြီးနှင့် အလုပ်သမားဆေးရုံကြီးသို့ ငွေလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၇

မြန်မာနိုင်ငံ အာဆီယံ အမျိုးသမီးများ ချစ်ကြည်ရေးအသင်း(MAWFA) က ရန်ကုန်မြို့ရှိ ကလေးဆေးရုံကြီးနှင့် အလုပ်သမားဆေးရုံကြီးများသို့ အလှူငွေများ ပေးအပ်လှူဒါန်းသည့် အခမ်းအနားကို စက်တင်ဘာ ၂၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ကလေးဆေးရုံကြီးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ နာယက ဒေါ်မြင့်မြင့်စိုးနှင့် MAWFA အသင်း၏ ဒုတိယဥက္ကဋ္ဌ Madame Dana Phany တို့က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ရန်ကုန်မြို့ ကလေးဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်ကြည်ဝင်းနှင့်အလုပ်သမားဆေးရုံအုပ်ကြီး ဒေါက်တာဦးအောင်လင်းတို့အား ငွေကျပ် ၁၀ သိန်းကိုပေးအပ်လှူဒါန်းကြရာ**(ဓါတ်ပုံ)** ဆေးရုံအုပ်ကြီးများက ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြကာ ကျေးဇူးတင်စကား ပြောကြားကြသည်။

ထို့နောက် အလှူရှင်များသည် ရန်ကုန်မြို့ကလေးဆေးရုံကြီးနှင့် အလုပ်သမား ဆေးရုံကြီးတို့ရှိ လူနာဆောင်များကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။ **(သတင်းစဉ်)**

ကမ္ဘာပေါ်တွင် အဝလွန်သူဦးရေ အမေရိကန်ပြီးလျှင် စကော့တလန် ဒုတိယလိုက်

လန်ဒန် စက်တင်ဘာ ၂၇

ဖွံ့ဖြိုးတိုးတက်သည့်ကမ္ဘာတွင် အဝလွန်သူများပြားသည့် အဆင့်၌ အမေရိကန်နိုင်ငံပြီးလျှင် ဗြိတန်နိုင်ငံ မြောက်ပိုင်း စကော့တလန် ပြည်နယ်က ဒုတိယ အများဆုံးနေရာတွင်ရှိကြောင်း နောက်ဆုံးထုတ်ပြန်သည့် စာရင်းအင်းများက ဖော်ပြလျက်ရှိသည်။

ထုတ်ပြန်ကြေညာ

ထို့ကြောင့် စာသင်ကျောင်းများတွင် သကြားလုံးများနှင့် အမြုပ်ထသော အချိုရည်များ ရောင်းချခြင်းမှ ပိတ်ပင်တားမြစ်မည့် အစီအစဉ်များကို စကော့တလန်ပြည်နယ် အစိုးရက ထုတ်ပြန်ကြေညာသည်။

စည်းမျဉ်းဥပဒေသစ်များအရ ကျောင်းသားများ စားသုံးသည့် အစားအစာတွင် အကြော်များကိုလည်း လျှော့ချမည်ဖြစ်သည့်အပြင် ဟင်းသီးဟင်းရွက်နှင့်သီးနှံများကို ပိုမိုကျွေးမည်ဆိုသည်။ လူငယ်များ၏ စားသောက်မှုစရိုက်ကို ပြောင်းလဲပစ်ရန် လိုလားကြောင်း ကလေးသူငယ်ဆိုင်ရာ ဝန်ကြီး အဒမ်အင်ဂရမ်က ပြောကြားသည်။

(အင်တာနက်)



တရုတ်နိုင်ငံ ကျန်စုပြည်နယ်ရှိ သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးမှု စင်တာ၌ သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ အတတ်ပညာရှင်များ ပြုလုပ်ထားသည့် စက်ရုပ်ပြပွဲ ပြသထားသည်ကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာလှည့်ခရီးသွားဧည့်သည်ရောက်ရှိမှု ဩဂုတ်လအတွင်း စင်ကာပူ၌ မြင့်တက်

စင်ကာပူ စက်တင်ဘာ ၂၇

စင်ကာပူနိုင်ငံတွင် ယခုနှစ် ဩဂုတ်လအတွင်း ခရီးသွားဧည့်သည်ရောက်ရှိမှု ကိုးသိန်းကျော်ရှိရာ နှစ်ချင်း အလိုက်တိုးမြင့်မှု ၄ဒသမ ၇ရာခိုင်နှုန်းရှိကြောင်း စင်ကာပူကမ္ဘာလှည့်နိုင်ငံ ပြည်ပခရီးသွားမှတ်တမ်း(အက်စ်တီဘီ)ဌာနက စက်တင်ဘာ ၂၆ ရက်၌ သတင်းထုတ်ပြန်သည်။

မြင့်တက်

ခရီးသွားနေ့အဖြစ် ဩဂုတ်လအတွင်း ခန့်မှန်း တွက်ချက်မှုအရ ကမ္ဘာလှည့်ခရီးသည် ၃ဒသမ ၆သန်း ရောက်ရှိရာ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၄ဒသမ ၄ရာခိုင်နှုန်း မြင့်တက်လျက်ရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

လာရောက်

စင်ကာပူနိုင်ငံသို့ အဆိုပါလအတွင်း ကမ္ဘာလှည့်ခရီးသည် လာရောက်မှု အများဆုံးနိုင်ငံတို့မှာ အင်ဒိုနီးရှား၊ တရုတ်၊ ဩစတြေးလျ၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့မှာ ခရီးသွား လာရောက်သူ အားလုံး၏ ၄၉ရာခိုင်နှုန်း ရှိသည်။

ဖော်ပြ

၎င်းလအတွင်း နိုင်ငံရှိ ဟိုတယ်များ၏ စာရင်းမှတ်တမ်းများအရ ဝင်ငွေမှာအမေရိကန်ဒေါ်လာ ၁၀၅သန်း ရှိကြောင်း၊ ယခင်နှစ်အလားတူကာလက ထက် ၂၈ဒသမ ၄ရာခိုင်နှုန်း ဝင်ငွေ တိုးမြင့်မှုရှိကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အာဖဂန်၌ ယာဉ်တိုက်မှုဖြစ်ပွား၊ လူ၄၀သေဆုံး

ကဘူးလ် စက်တင်ဘာ ၂၇

အာဖဂန်နစ္စတန်နိုင်ငံ အလယ်ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ အရပ်သား ၄၀သေဆုံးခဲ့ကြောင်း ကဘူးလ်-ကန်ဒါဟာ အဝေးပြေးဌာန အကြီးအကဲ ဂူလမ်ဂျီလာနီခန်က စက်တင်ဘာ ၂၅ရက်၌ ပြောကြားသည်။

ဒဏ်ရာရရှိ

ယင်းနိုင်ငံ ဂါဇနီပြည်နယ် ဂျန်ဒါဒေသအနီး ကဘူးလ်-ကန်ဒါဟာ အဝေးပြေးလမ်းမကြီးပေါ်တွင် စက်တင်ဘာ ၂၄ရက် ညနေ နေဝင်ချိန်၌ ဘတ်စ်ကားနှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြောင်း၊ အမျိုးသမီးများနှင့်ကလေးများအပါအဝင် လူ ၄၀ သေဆုံးခဲ့ပြီး ၁၉ဦးဒဏ်ရာရခဲ့ကြောင်း ခန်က ဆင်ဟွာသို့ ပြောကြားသည်။ ဒဏ်ရာရရှိသူ အားလုံးကို နီးစပ်ရာ ဆေးရုံများသို့ ပို့ဆောင်ခဲ့ရကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မတော်တဆဖြစ်

ယာဉ်မောင်းများ အနားမယူဘဲ ပင်ပန်း နွမ်းနယ်မှုကြောင့် အဆိုပါ မတော်တဆဖြစ်ပွားရကြောင်း ဒေသခံတို့က ဆိုသည်။

မကြာခဏဖြစ်

အာဖဂန်နစ္စတန်နိုင်ငံ၌ အဝေးပြေးလမ်းမကြီးများနှင့်မြို့ကြီးများတွင် ယာဉ်မောင်းနှင်မှု အရှိန်ကန့်သတ်ခြင်း မရှိဘဲ အဓိကအားဖြင့် ယာဉ်များ အရှိန်ပြင်းစွာ မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများ မကြာခဏ တိမ်းမှောက်မှု ဖြစ်ပွားနေရခြင်းဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

စီးပွားရေးအဆောက်အအုံ

စင်ကာပူနိုင်ငံရှိ အထပ်မြင့် စီးပွားရေး အဆောက်အအုံများကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆူမတြားကျွန်း၌ အင်အား ၆ အဆင့် ငလျင်လှုပ်

ဂျကာတာ စက်တင်ဘာ ၂၇

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းရှိ ဂျမ်ဘိုင်းပြည်နယ်တွင် စက်တင်ဘာ ၂၄ရက်က ရစ်ချ်တာစကေး ၆ အဆင့်ရှိ အင်အားပြင်းငလျင် လှုပ်ခဲ့ရာ ယင်းငလျင်ကြောင့် ဆူနာမီဖြစ်ပေါ်နိုင်ဖွယ်မရှိကြောင်း မိုးလေဝသနှင့် ဘူမိဗေဒဌာနအေဂျင်စီက သတင်းထုတ်ပြန်သည်။

လှုပ်ခတ်

ယင်းဖြစ်ပွားမှုသည် ဂျမ်ဘိုင်းပြည်နယ် အနောက်တောင်ပိုင်း ၂၂၅ ကီလိုမီတာအကွာတွင် ၎င်းနေ့ ညနေ ၃ နာရီ ၁၅ မိနစ်၌ ပင်လယ်ရေမျက်နှာပြင်အောက် ကီလိုမီတာ ၃၀ အကွာကို ဗဟိုပြု၍ လှုပ်သွားခြင်း ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

မကြာခဏဖြစ်

အင်ဒိုနီးရှားနိုင်ငံသည် ငလျင်စက်ဝန်းဇုန်အတွင်း ပါဝင်သဖြင့် ငလျင်လှုပ်ခြင်းများ မကြာခဏဖြစ်ပေါ်လေ့ရှိသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဆိုင်ကလုန်းမုန်တိုင်း

တရုတ်နိုင်ငံ ဟေနန်ပြည်နယ်ရှိ ကမ်းရိုးတန်းဒေသ၌ ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုဖြစ်ပွားနေသည်ကို စက်တင်ဘာ ၂၄ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းတိုက်ခတ် တံငါသည် ၁၀၀ကျော်ပျောက်ဆုံး

ဒါကာ စက်တင်ဘာ ၂၇

ဘင်္ဂလားပင်လယ်အော်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ငါးဖမ်းစက်လှေ ၁၅စင်း နစ်မြုပ်ခဲ့ရာ တံငါသည် ၁၀၀ကျော် ပျောက်ဆုံးလျက်ရှိကြောင်း သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့က စက်တင်ဘာ ၂၅ရက်တွင် ပြောကြားသည်။

ယင်းဖြစ်ပွားခြင်းသည် စက်တင်ဘာ ၂၃ရက် ညပိုင်းက ဘင်္ဂလားပင်လယ်အော်အတွင်း၌ မုန်တိုင်းကျရောက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ မိုးလေသဝဌာနမှ ထုတ်ပြန်ကြေညာသည်။ အပြည်ပြည်ဆိုင်ရာ ပင်လယ်ရေကြောင်းကာကွယ်ရေးဆိုင်ရာက သင်္ဘောများနှင့် ကျန်ရှိသည့် ငါးဖမ်းသင်္ဘောများအား လုံခြုံရေးဆိုင်ရာ ကာကွယ်မှုပေးနိုင်ရန် ကြေညာစာထုတ်ပြန်ကြောင်း လုံခြုံရေးအာဏာပိုင်အဖွဲ့က ပြောကြားသည်။

အဆိုပါ မုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းမှ အနောက်မြောက်ပိုင်းသို့ ရွေ့လျားကာ အိန္ဒိယနိုင်ငံ အိုဆာယာပြည်နယ် ကမ်းရိုးတန်းအရှေ့ဘက်သို့ ဦးတည်ရွေ့လျားသွားကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှလုံးရောဂါနှင့်ဆက်စပ်၍ ထိုင်း၌ တစ်နာရီလျှင် ငါးဦးသေဆုံးနေ

ဗန်ကောက် စက်တင်ဘာ ၂၇

တစ်နာရီလျှင် ငါးဦးကျ ထိုင်းနိုင်ငံသားများ နှလုံးနှင့် ဆက်စပ်သော ရောဂါဖြင့် သေဆုံးကြောင်း၊ ယင်းသို့ သေဆုံးရခြင်းမှာ အဓိကအားဖြင့် ကျန်းမာရေးနှင့် မညီသော အစားအစာနှင့် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းများ မပြုလုပ်သည့်အတွက်ကြောင့် ဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီး မွန်ကိုးနာဆွန်ခလာက စက်တင်ဘာ ၂၄ရက်၌ ပြောကြားသည်။

ရောဂါများဖြစ်

သွေးပေါင်များခြင်း၊ ဆေးလိပ်သောက်ခြင်း၊ အဝလွန်ခြင်းနှင့် ဆီးချိုရောဂါတို့မှာ ထိုင်းနိုင်ငံသားများကို အသေအပျောက်များစေသည့် ရောဂါများ ဖြစ်ကြောင်း၊ ထိုင်းပြည်သူ ၈၆ ရာခိုင်နှုန်းသည် အဆီများသော အစားအစာများကို ပုံမှန်စားသုံးကြောင်း ဝန်ကြီး မွန်ကိုးနာဆွန်ခလာက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပြင်းအား ဗို့ ၅၀၀၀၀ ရှိ လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ဆူပူသူများအား အမေရိကန်ရဲတပ်ဖွဲ့ဝင်များ ပစ်ခတ်ဖမ်းဆီး

အတင်းအဓမ္မဖမ်းဆီး

စက်တင်ဘာ ၁၇ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ်ရှိ တက္ကသိုလ်တစ်ခုတွင် စည်းကမ်းချိုးဖောက်သော ကျောင်းသားတစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက အတင်းအဓမ္မ ဖမ်းဆီးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကယ်လီဖိုးနီးယား စက်တင်ဘာ ၂၇

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ ရဲအရာရှိများက အမျိုးသမီးတစ်ဦးအား လျှပ်စစ်ကျဉ်စက် သေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့မှုနှင့်ပတ်သက်ပြီး ကာကွယ်ပြောကြားလျက်ရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

တေလာကာရက်စ်အမည်ရှိ အသက် ၁၅နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးအား တေဆာခေါ် လျှပ်စစ်ကျဉ်စက် သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် အဆိုပါ အမျိုးသမီးငယ်လေးမှာ အသက်ဘေးမှလွတ်အောင် ထွက်ပြေးခဲ့ရသည်။

ဗီဒီယိုရိုက်ကူးပြသ

ထိုမိန်းကလေးငယ်ကို ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခဲ့ပြီး တေဆာခေါ် လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ထပ်မံပစ်ခတ်မှုများ ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ အဖြစ်အပျက်ကို ရဲအရာရှိတစ်ဦးက ဗီဒီယိုရိုက်ကူးပြီးပြသခဲ့ကြောင်းသိရသည်။

ထို့အပြင် အသက် ၃၈နှစ်အရွယ်ရှိ အမျိုးသမီးတစ်ဦးအားလည်း စားသောက်ဆိုင်တစ်ခု၏ အပြင်ဘက်တွင် တေဆာခေါ် လျှပ်စစ်ကျဉ်စက် သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း၊ ထို့နောက် အဆိုပါအမျိုးသမီးအား ခြေထောက်ဖြင့် ကန်ခဲ့ကြောင်း သိရသည်။

ပစ်ခတ်အသုံးပြု

အလားတူ ဖလော်ရီဒါပြည်နယ်ရှိ တက္ကသိုလ်တစ်ခုတွင်လည်း ရဲတပ်ဖွဲ့ဝင်များက စည်းကမ်းချိုးဖောက်သော ကျောင်းသားတစ်ဦးအား ဖမ်းဆီးရာ၌ တေဆာခေါ် လျှပ်စစ်ကျဉ်စက်သေနတ်ဖြင့် ပစ်ခတ်အသုံးပြုခဲ့ကြောင်း သိရသည်။

ပြင်းအား ဗို့၅၀၀၀၀ရှိ

ထိုတေဆာ လက်နက်သည် လျှပ်စစ်ကျဉ်စက်သေနတ်ဖြစ်ပြီး ပြင်းအား ဗို့ ၅၀၀၀၀ရှိကြောင်း၊ အမေရိကန်ရဲတပ်ဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုလေ့ရှိကြောင်း သိရသည်။ (အင်တာနက်)

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာ၌ ဆန္ဒပြမှုဖြစ်ပွား

ဒါကာ စက်တင်ဘာ ၂၇

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ စက်တင်ဘာ ၂၃ ရက်က မဂ္ဂဇင်းတစ်ခုတွင် ဖော်ပြထားသော ကာတွန်းပုံတစ်ပုံနှင့်ပတ်သက်ပြီး မကျေနပ်မှုများဖြစ်ကာ ဆန္ဒပြမှုများ ဖြစ်ပွားလျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြသည်။

ဆန္ဒပြ

အဆိုပါကာတွန်းပုံမှာ ဘာသာရေးအရ လွဲမှားစွာအဓိပ္ပာယ်သက်ရောက်စေသည်ဖြစ်ရာ ယင်းကိစ္စနှင့် ပတ်သက်ပြီး ဘင်္ဂလားဒေ့ရှ်အစိုးရက အရေးယူဆောင်ရွက်ပေးရန် တောင်းဆိုဆန္ဒပြမှု ဖြစ်ပွားခြင်းဖြစ်သည်။

ထိုဆန္ဒပြမှုမှတစ်ဆင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများကလည်း ပါဝင်ဆန္ဒပြခဲ့ကြပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း လွတ်လပ်မှုပိုမိုရရှိရေး အတွက် ကြွေးကြော်ဆန္ဒပြခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်အစိုးရအနေဖြင့် အဆိုပါ ယုံမှားသံသယဖြစ်စေသည့် ကိစ္စနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများအား အရေးယူမှုများ ပြုလုပ်ရန် ဆန္ဒပြသမားများက ဒါကာမြို့ လမ်းများပေါ်တွင် ချီတက် ဆန္ဒပြခဲ့ကြခြင်းဖြစ်သည်။

စက်တင်ဘာ ၂၃ ရက်မှ စတင်ဖြစ်ပွားသော အဆိုပါဆန္ဒပြမှုများမှာ စက်တင်ဘာ ၂၆ ရက်အထိ ဆက်လက်ဖြစ်ပွားလျက်ရှိပြီး အခြားတောင်းဆိုမှုများပါ ဆက်လက်တောင်းဆိုလာခဲ့ကြသည်။

အရေးယူဆောင်ရွက်

ယခုအခါ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ရန် စီစဉ်လျက်ရှိကြောင်း သိရပြီး အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

ရဲတပ်ဖွဲ့ဝင်များက ပြင်းအား ဗို့ ၅၀၀၀၀ ရှိ တေဆာလက်နက်ဖြင့် ပစ်ခတ်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

စက်တင်ဘာ ၂၁ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တွင် ဆန္ဒပြသူများအား လူစုခွဲရန် အဓိကရုဏ်းနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များက လက်ကိုင်တုတ်များဖြင့် ရိုက်နှက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်၌ ဆန့်ကျင်ဆန္ဒပြ ရဲတပ်ဖွဲ့ဝင်များကဖမ်းဆီး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၇

ပါကစ္စတန်နိုင်ငံတွင် ပြည်တွင်းအထွေထွေ မကျေနပ်မှုများကြောင့် ဆန္ဒပြမှုများဖြစ်ပွားလျက်ရှိရာ ဆန္ဒပြသူများအား ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များက ဟန့်တားမှုများကြောင့် ပဋိပက္ခများ ဖြစ်ပွားလျက်ရှိကြောင်း ပါကစ္စတန် မီဒီယာများ၌ စက်တင်ဘာ ၂၆ရက်က ဖော်ပြသည်။

ဖမ်းဆီး

ရာပေါင်းများစွာသောဆန္ဒပြသမားများသည် ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့ရှိ လမ်းများတစ်လျှောက် ကြွေးကြော်သံများအော်ဟစ်ကာ အလံများ၊ စာတမ်းများနှင့် ပိုစတာများကိုင်ဆောင်ကာ လှည့်လည်ဆန္ဒပြခဲ့ကြသည်။ ပါကစ္စတန်အစိုးရအား ဆန္ဒပြသူများကို ရဲတပ်ဖွဲ့ဝင်များက ဟန့်တားမှုများ ပြုလုပ်ပြီး ဖမ်းဆီးခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ ဒါဇင်များစွာသော ဆန္ဒပြသမားများ ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

ဖြစ်ပွားခဲ့

ဆန္ဒပြသမားများက အမေရိကန်နှင့် ပူးပေါင်းသူများသည် သစ္စာဖောက်များဖြစ်သည်ဟု အော်ဟစ်ကြွေးကြော်ခဲ့ကြသည်။ ထိုသို့ ဆန္ဒပြခဲ့ရာတွင် နိုင်ငံရေးပါတီများကလည်း ပါဝင်ပြသခဲ့ကြရာ ရဲတပ်ဖွဲ့ဝင်များကပိတ်ဆို့ဟန့်တားဖမ်းဆီးမှုများ ဆက်လက်ပြုလုပ်ခဲ့သည်။ အဆိုပါ ဆန္ဒပြမှုများမှာ ပါကစ္စတန်နိုင်ငံ အစ္စလမ္မာဘတ်မြို့အပြင် လာဟိုးမြို့နှင့် အခြားမြို့များတွင်လည်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အင်တာနက်)**

28-9 (07) 1 9/28/07, 1:31 AM

ယနေ့ မြန်မာ့နိုင်ငံရေးမြင်ကွင်းမှ အမှန်နှင့်အမှားများ (

ဒီနေ့တော့ နိုင်ငံတော်မှာ တည်ငြိမ်မှု၊ အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုတွေ ပျက်ပြားပြီး ရရှိထားပြီးဖြစ်တဲ့ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းတွေပါ ဆုံးရှုံးကုန်အောင် အစီအမံရှိရှိ၊ အကွက်ကျကျ လုပ်နေတဲ့သူတွေအကြောင်း ဆက်ပါဦးမယ်။

ကျွန်တော် ရှေ့မှာတင်ပြခဲ့သလို မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကလည်း အောင်အောင်မြင်မြင် ပြီးမြောက်ခဲ့ပြီ။ နိုင်ငံတော်မှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ထူထောင်နိုင်ဖို့ အလားအလာကောင်းတွေလည်း ဖြစ်ထွန်းပွင့်လန်းလာခဲ့ပြီ။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်အောင်မြင်မှုတွေလည်း အပြိုင်းအရိုင်း ဝေဆာဖူးသစ်လာခဲ့ပြီ။ ဒီလို ဒီလို တိုးတက်အောင်မြင်လာတာတွေဟာ မြန်မာနိုင်ငံသားအားလုံးအတွက် ဝမ်းမြောက်ကြည်နူးစရာ၊ အားတက်ဂုဏ်ယူစရာဖြစ်သလို မြန်မာနိုင်ငံ ကောင်းကျိုးကို လိုလားတဲ့ မိတ်ဆွေနိုင်ငံများအတွက်လည်း မုဒိတာပွားစရာ ဖြစ်ပါတယ်။ ဒါပေမယ့်လည်း ဒီလိုဖြစ်ပေါ်တိုးတက်မှုတွေကို အကောင်းမမြင်နိုင်ဘဲ ရပ်တန့်သွားအောင်၊ ပျက်ပြားသွားအောင် ကြံစည်လုပ်ဆောင်လာတဲ့ အဖွဲ့အစည်းများလည်း ရှိနေသေးတယ်ဆိုတာ မယုံနိုင်စရာ တွေ့လိုက်ရပါတယ်။

၂၀၀၃ခုနှစ်မှာ မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်ခဲ့ပြီး လုပ်ငန်းစဉ်ရဲ့ ပထမအဆင့်အနေနဲ့ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပတဲ့ အချိန်ကစပြီး ပြည်တွင်း၊ ပြည်ပမှာရှိတဲ့ အစိုးရကိုဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေက မူဝါဒလမ်းစဉ်(၇)ရပ်ကို ရပ်တန့်အောင်၊ ပျက်ပြားအောင် ကြံစည်လုပ်ဆောင်လာခဲ့တာပါ။ မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမ အဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင်ပြီးဆုံးလို့ ဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူတွေ၊ အသေးစိတ် အခြေခံရမယ့်မူတွေ **ချမှတ်နိုင်ခဲ့ရင် ကျန်အဆင့်တွေက အရှိန်အဟုန်နဲ့ အကောင်အထည်ဖော်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အမျိုးသားညီလာခံ ရပ်ဆိုင်းသွားဖို့၊ ဒါမှမဟုတ် လုပ်ငန်းတွေ နှောင့်နှေးသွားဖို့ဆိုတာ ဒီအဖွဲ့တွေရဲ့ ဦးစားပေးလုပ်ငန်း ဖြစ်လာတော့တာပါပဲ။ ဒါကြောင့် အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့အစည်းတွေ စုစည်းပြီး မဟာဗျူဟာ သုံးရပ်ကို ချမှတ်လိုက်ပါတယ်။** အဲဒါတွေကတော့-

(က) အမျိုးသားညီလာခံ အောင်မြင်မှုမရှိစေရန်နဲ့ ပျက်ပြားစေရန် ဆန့်ကျင်တိုက်ဖျက်ရေး၊ အမျိုးသားညီလာခံကို ပျက်ပြားအောင် တိုက်ဖျက်၍မရပါကလည်း အခြေခံဥပဒေ ဆက်လက် ရေးဆွဲခြင်း မပြုနိုင်ရန်နှင့် အတည်မပြုနိုင်ရန် ဆန့်ကျင်တိုက်ဖျက်ရေး၊

(ခ) ၈၈ အရေးအခင်းကဲ့သို့ ဆူပူအကြမ်းဖက်မှုများ ထပ်မံပေါ်ပေါက်လာအောင် နည်းလမ်းမျိုးစုံသုံး၍ ဆောင်ရွက်ရေး၊

(ဂ) ဖောက်ခွဲဖျက်ဆီးမှုများ အပါအဝင် အဖျက်လုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပပူးပေါင်းပြီး ဆောင်ရွက်ရေး

တို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် **အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့တွေထဲမှာ အယူအဆအမျိုးမျိုး၊ လုပ်နည်းလုပ်ဟန်အမျိုးမျိုး ကွဲပြားနေတာကြောင့် မိမိအဖွဲ့နဲ့ သင့်တော်တဲ့ နည်းဗျူဟာတွေကို ရွေးချယ်လုပ်ကြဖို့၊ အခြေအနေပေးရင် ပေးတဲ့လုပ်ငန်းတွေမှာ တွဲလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကလည်း ဗကပ အမြဲပြောလေ့ရှိတဲ့ တူတာတွဲလုပ်၊ မတူတာခွဲလုပ်ဆိုတဲ့မူကို လက်ခံလိုက်တာပါပဲ။ နောက်ဆုံးရည်မှန်းချက်ကတော့ မူဝါဒလမ်းစဉ်(၇)ရပ် ရပ်တန့်သွားပြီး အစိုးရကိုဖြုတ်ချ၍ ဖြတ်လမ်းနည်းနဲ့ အာဏာရယူဖို့ပဲ ဖြစ်ပါတယ်။**

ဒီမဟာဗျူဟာနဲ့အညီ အဖွဲ့အားလုံးက NLD ကို ဝိုင်းရံပြီး အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေကို လုပ်ဆောင်ခဲ့ကြပါတယ်။ NLDကတော့ မြေပေါ်ပါတီဖြစ်တာကြောင့် တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်စုကြည် ပြန်လွှတ်ပေးရေး၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ ရလဒ်ကို အကောင်အထည်ဖော်ရေးဆိုတဲ့ တောင်းဆိုချက်သုံးရပ်ကိုကိုင်စွဲလှုပ်ရှားပြီး အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုတွေကိုတော့ နောက်ကွယ်ကပဲနေဖို့ ဖြစ်ပါတယ်။ NLD အတွက်ကလည်း ၁၉၉၅ ခုနှစ် အမျိုးသားညီလာခံကနေ ဒေါ်စုကြည် အမိန့်နဲ့ ထွက်လာပြီးကတည်းက မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ ဘေးရောက်နေခဲ့ရာကနေ လမ်းကြောင်းပေါ် ပြန်တက်ဖို့က ဒီနည်းပဲရှိတာမို့ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ NLD ပါတီဝင်တွေ၊ လူငယ်အဖွဲ့ဝင်တွေကို တစ်ဦးချင်းအနေနဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်စေခဲ့ပါတယ်။

ဒီလိုနဲ့ NLD က မပြောရဲ၊ မလုပ်ရဲတဲ့ အလုပ်တွေကို ကျန်အဖွဲ့တွေက ဝိုင်းလုပ်၊ NLD အောက်ခြေ အဖွဲ့တွေက လှုပ်ရှားမှုတွေမှာ ဝိုင်းရံပါဝင်၊ ဗဟိုကတော့ ကြေညာချက်တွေ တစ်ခုပြီး တစ်ခုထုတ်ရင်း လှုပ်ရှားမှုတွေကို အားပေးမယ်။ တပည့်လိမ္မာ၊ ဆရာအာပတ်လွတ်မှုနဲ့ နေမယ်ဆိုတဲ့ နည်းဗျူဟာကို ပုံဖော်လာခဲ့တာပါ။ ဒါ့ကြောင့်လည်း NLD က နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရများ၊ သံရုံးများကို မြန်မာနိုင်ငံအပေါ် ဖိအားပေးမှု၊ ပိတ်ဆို့အရေးယူမှုတွေလုပ်ဖို့ တောင်းဆိုတာတွေကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ပါတယ်။ ဒီနှစ် ဖေဖော်ဝါရီလ ၂၃ရက်နေ့မှာတော့ ပြည်သူတွေအနေနဲ့ စားဝတ်နေရေးကျပ်တည်းမှုတွေကို လွတ်လပ်စွာ တင်ပြခွင့်ရှိတယ်ဆိုပြီး ကြေညာချက်ထုတ်ခဲ့တယ်။ အဲဒီနောက် ၈၈ မျိုးဆက်ကျောင်းသားအမည်ခံ အဖွဲ့နဲ့ အစိုးရဆန့်ကျင်ရေးအဖွဲ့တွေက လူစုလူဝေးနဲ့ ဆန္ဒပြဖို့ ကြိုးစားမှုတွေမှာ NLD ထုတ်ပယ်ခံဆိုသူတွေ၊ လူငယ်အဖွဲ့ဝင်တွေ ပါဝင်လာခဲ့တာကို တွေ့ရမှာပါ။ ဩဂုတ်လ ၂၀ရက်နေ့မှာတော့ စီးပွားရေးအကျပ်အတည်းကြောင့် ပြည်သူလူထုအခြေအနေမှာ ပေါက်ကွဲလုဆဲဆဲဖြစ်နေကြောင်း၊ တိုင်းပြည်တွင် မငြိမ်သက်မှုများ ပေါ်လာခဲ့ရင် အစိုးရမှာသာ တာဝန်ရှိမှာဖြစ်ကြောင်း ကြေညာချက်ကို ထုတ်ပြီး ဆူပူမှုတွေကို အရှိန်မြှင့်ဖို့ နှုတ်ကြောင်းပေးခဲ့ပါတယ်။ စက်တင်ဘာလ ၅ရက်နေ့မှာတော့ ပြည်သူလူထုက မိမိတို့ဆန္ဒကို ဖော်ထုတ်တဲ့အနေနဲ့ စီတန်းလမ်းလျှောက်တာဟာ လူငါးဦးထက်ပိုမိုပြီးစုဝေးခြင်း၊ စီတန်းလမ်းလျှောက်ခြင်း၊ ဟောပြောခြင်း၊ ဟစ်အော်ကြွေးကြော်ခြင်းများကို လုပ်ဆောင်တာဟာ တားမြစ်ထားတဲ့ အမိန့်အမှတ် ၂/၈၈ နဲ့ လုံးဝငြိစွန်းခြင်း မရှိဘူးလို့ ကြေညာချက်ထုတ်လာပြန်ပါတယ်။ ဒါကတော့ တည်ဆဲဥပဒေတွေကို ချိုးဖောက်ပြီး ဆူပူဆန္ဒပြမှုတွေကို အရှိန်မြှင့်လုပ်ဆောင်ဖို့ ပြောင်ပြောင်တင်းတင်း သွေးထိုးပေးခဲ့တာပါပဲ။ အဲဒီကြေညာချက် ထွက်လာပြီးချိန်မှာတော့ NLD မြို့နယ်အဆင့်တွေက သံဃာတော်တွေအတွင်းမှာ မငြိမ်မသက်ဖြစ်အောင် သွေးထိုးတာတွေ၊ အေးချမ်းစွာနေထိုင်လိုတဲ့ သံဃာတော်တွေကို ဖိအားပေးတာတွေ၊ ပြည်ပ အသံလွှင့်ဌာနတွေနဲ့ လက်ဝါးရိုက်ပြီး ကောလာဟလတွေ၊ သတင်းမှားတွေ ထုတ်လွှင့်လာခဲ့တာကို တွေ့ရမှာပါ။

တစ်ချိန်တည်းမှာပဲ NLD ပြောခွင့်ရ ပုဂ္ဂိုလ်တွေက လူထုကတောင်းဆိုလာရင် NLD အနေနဲ့ ဒီအတိုင်း ကြည့်မနေပါဘူးဆိုတဲ့ စကားတွေကို ပြောလာခဲ့ပါတယ်။ ဒါကတော့ နိုင်ငံတော်အစိုးရရဲ့ သည်းခံမှု၊ ခွင့်လွှတ်မှု၊ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနဲ့ ကိုင်တွယ်ဖြေရှင်းမှုတွေကို အခွင့်ကောင်းယူပြီး သွေးတိုးစမ်းလုပ်တော့မယ်ဆိုတာလို့ ပြောလိုက်တာပါ။ ဒါကြောင့်လည်း စက်တင်ဘာလ ၂၄ရက်နေ့ကစပြီး NLD ဒုတိယတန်းခေါင်းဆောင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေက ဆန္ဒပြမှုတွေမှာ ပြောင်ပါဝင်လာခဲ့တာပါ။ အခြေအနေတစ်ခုလုံးကို ခြုံကြည့်ရင်တော့ တစ်ချိန်လုံး နောက်တန်းက နေခဲ့တဲ့ NLD ဟာ အစိုးရဆန့်ကျင်ရေး ဇာတ်ခုံပေါ်ကို ပြောင်တက်က လာခဲ့ပြီလို့ ဆိုရမှာပါ။ ဒီလုပ်ရပ်ကပဲ NLD ဟာ ၁၉၈၈ခုနှစ်ကတည်းက စွဲကိုင်လာတဲ့ အာဏာဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးဆိုတဲ့ လမ်းကြောင်းကိုပဲ ဆက်လက်စွဲကိုင်ထားဆဲဆိုတာ ဖော်ပြလိုက်တာပါ။ NLD ကတော့ မင်းသားခေါင်းစွပ်ကို ဖယ်လိုက်ပြီး သူ့ရဲ့စရိုက်မှန်ဘီလူး မျက်နှာကို ပြလိုက်ပါပြီ။ ဒီဇာတ်ဘယ်လိုသိမ်းမလဲဆိုတာတော့ ကျွန်တော်တို့ စောင့်ကြည့်ရမှာပဲ။

> **NLD ပြောခွင့်ရ ပုဂ္ဂိုလ်တွေက လူထုကတောင်းဆိုလာရင် NLD အနေနဲ့ ဒီအတိုင်း ကြည့်မနေပါဘူးဆိုတဲ့ စကားတွေကို ပြောလာခဲ့ပါတယ်။ ဒါကတော့ နိုင်ငံတော်အစိုးရရဲ့ သည်းခံမှု၊ ခွင့်လွှတ်မှု၊ တည်တည်ငြိမ်ငြိမ်အေးအေးချမ်းချမ်းနဲ့ ကိုင်တွယ် ဖြေရှင်းမှုတွေကို အခွင့်ကောင်းယူပြီး သွေးတိုးစမ်း လုပ်တော့မယ်ဆိုတာလို့ ပြောလိုက်တာပါ။ ဒါကြောင့်လည်း စက်တင်ဘာလ ၂၄ရက်နေ့ကစပြီး NLD ဒုတိယတန်း ခေါင်းဆောင်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေက ဆန္ဒပြမှုတွေမှာ ပြောင်ပါဝင်လာခဲ့တာပါ။ အခြေအနေတစ်ခုလုံးကို ခြုံကြည့်ရင်တော့ တစ်ချိန်လုံး နောက်တန်းကနေခဲ့တဲ့ NLDဟာ အစိုးရ ဆန့်ကျင်ရေးဇာတ်ခုံပေါ်ကို ပြောင်တက်ကလာခဲ့ပြီလို့ ဆိုရမှာပါ။ ဒီလုပ်ရပ်ကပဲ NLD ဟာ ၁၉၈၈ခုနှစ်ကတည်းက စွဲကိုင်လာတဲ့ အာဏာဖီဆန်ရေး၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံ ပျက်သုဉ်းရေးဆိုတဲ့ လမ်းကြောင်းကိုပဲ ဆက်လက် စွဲကိုင် ထားဆဲဆိုတာ ဖော်ပြလိုက်တာပါ။ NLD ကတော့ မင်းသားခေါင်းစွပ်ကို ဖယ်လိုက်ပြီး သူ့ရဲ့ စရိုက်မှန်ဘီလူး မျက်နှာကို ပြလိုက်ပါပြီ။**

NLD နောက်ကပါလာတာက ၈၈ မျိုးဆက် ကျောင်းသားအမည်ခံ အုပ်စုပါ။ ဒီအုပ်စုဝင်အများစုဟာ ၁၉၈၈ခုနှစ်တုန်းက လက်ဝဲအယူဝါဒတွေနဲ့ နိုင်ငံရေးလှုပ်ရှားမှုတွေလုပ်ခဲ့တဲ့သူတွေပါ။ နိုင်ငံတော်က အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး အဲဒီအုပ်စုက ခေါင်းဆောင်အများစုကို ပြစ်ဒဏ်ကျခံနေရာကနေ လွှတ်ပေးလိုက်တဲ့ အချိန်ကစလို့ နိုင်ငံရေးဇာတ်ခုံပေါ် ပြန်တက်လာသူတွေပေါ့။ ဒီအဖွဲ့တွေက ဂျင်းရှပ်ရဲ့ နည်းနာအတိုင်း အကြမ်းမဖက်ရေးလှုပ်ရှားမှုဆိုတဲ့ ခေါင်းစဉ်အောက်ကနေ အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေကို လုပ်လာခဲ့တာပါ။ အဲဒီအဖွဲ့ဝင်တွေဟာ ၁၉၈၈ခုနှစ် ကတည်းက လုပ်ခဲ့တဲ့ မြေပေါ်တစ်ဝက်၊ မြေအောက်တစ်ဝက် လှုပ်ရှားမှုတွေကိုပြန်လည်စတင်ဖို့ ပြည်ပြေးအဖွဲ့တွေနဲ့ ပြန်လည်ဆက်သွယ်ပြီး အဖျက်အမှောင့် လုပ်ရပ်တွေလုပ်ခဲ့တာပါ။ **နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး စိတ်ရှည်သည်းခံစွာနဲ့ ကိုင်တွယ်ခဲ့တာကို အခွင့်ကောင်းယူပြီး လှုပ်ရှားမှုတွေကို တဖြည်းဖြည်း အရှိန်မြှင့်လာခဲ့တာဖြစ်ပါတယ်။ ဗကပရဲ့ နည်းနာတွေ၊ ဂျင်းရှပ်ရဲ့ နည်းနာတွေကိုကျင့်သုံးပြီး လူထုလှုပ်ရှားမှုတွေ စတင်နိုင်အောင် Campaign အမျိုးမျိုးလုပ်တယ်၊ ဗကပရဲ့ ဒီမို ၂၀၀၆၊ ၂၀၀၇ ကြံဆချက်များဆိုတဲ့ တက်ကြွလှုပ်ရှားသူများတပ်ဦး (Activist Front, AF)နဲ့ မြေအောက်လှုပ်ရှားမှု (Under Ground, UG)လှုပ်ရှားမှုတွေကို ပေါင်းစပ်လှုပ်ရှားခဲ့တာပါ။ ဒါ့ကြောင့် ၈၈ အုပ်စုအနေနဲ့ နိုင်ငံတကာ**

> **အစိုးရကို ဆန့်ကျင်နေတဲ့ အဖွဲ့တွေထဲမှာ အယူအဆအမျိုးမျိုး၊ လုပ်နည်းလုပ်ဟန် အမျိုးမျိုးကွဲပြားနေတာကြောင့် မိမိအဖွဲ့နဲ့ သင့်တော်တဲ့ နည်းဗျူဟာတွေကို ရွေးချယ်လုပ်ကြဖို့ အခြေအနေပေးရင် ပေးတဲ့လုပ်ငန်းတွေမှာတွဲလုပ်ဖို့ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒါကလည်း ဗကပ အမြဲပြောလေ့ရှိတဲ့ တူတာတွဲလုပ်၊ မတူတာခွဲလုပ်ဆိုတဲ့မူကို လက်ခံလိုက်တာပါပဲ။ နောက်ဆုံးရည်မှန်းချက်ကတော့ မူဝါဒ လမ်းစဉ်(၇)ရပ် ရပ်တန့်သွားပြီး အစိုးရကိုဖြုတ်ချ၍ ဖြတ်လမ်းနည်းနဲ့ အာဏာရယူဖို့ပဲ ဖြစ်ပါတယ်။**

ကျော်မင်းလူ(ရွှေပြ

အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို
အရေးယူဖို့ စာရေးသားတိုက်တွန်းတာတွေ
အတွင်းမှာ စီးပွားရေး၊ လူမှုရေးခေါင်းစဉ်အမျိုး
သွေးထိုးလှုံ့ဆော်မှုတွေ လုပ်ခဲ့တာကို တွေ့ရမှ
နေတင်မြင့်တို့ကို ပြည်ပအထိ စေလွှတ်ပြီး
ဖျက်ဆီးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ လ
ခဲ့တာပါ။ ဒါတွေအားလုံးက မူဝါဒလမ်းစဉ်(၇
ချမှတ်ထားတဲ့ မဟာဗျူဟာကို အကောင်အ
ဒါကို ကျွန်တော်တို့ ခင်ဗျားတို့သတိထားဖို့လို
သနားအောင် ကျောင်းသားအမည်ခံနေပေမ
ခင်ဗျားတို့ ကျွန်တော်တို့လို လေးဆယ်ကေ
မဟုတ်တော့သလို နိုင်ငံရေးအတွေ့အကြုံကလ
သုံးလေးလလောက် အစိုးရကို ကလော်ဆဲဖျ
သူတို့မှာ တင်းပြည့်ကျပ်ပြည့်ရှိတာဆိုလို့ ဆူပူ
လုပ်ရေး အတွေးအခေါ်ပဲရှိတာပါ။

ဒီအဖွဲ့တွေက NLD နဲ့ ပုလင်းတူ၊
သူတို့မှာလည်း ကွဲပြားတဲ့ ရည်မှန်းချက်ရှိတပ
ပြည်တွင်း ပြည်ပက အစိုးရဆန့်ကျင်ရေးအဖွဲ့
ဝိုင်းတွန်းတင်ပေးထားလို့ ကျွန်တော်တို့နိုင်ငံ
ရောက်လာခဲ့ပြီ။ သူတို့ကိုယ်သူတို့ အစိုးရဆ
ဒုတိယခေါင်းဆောင်တန်း (Second Line Le
ယူဆနေတာပါ။ ဒေါ်စုကြည် ပြီးရင် သူတို့ပဲ
သူတို့က အခု NLD မှာ ခေါင်းဆောင်တာဝန်
စစ်ဗိုလ်ဟောင်းတွေကိုရော၊ နိုင်ငံရေးသမားဟေ
ကြီးတာ မဟုတ်ပါဘူး။ အခြေအနေအရ လက်
ခေါင်းဆောင်မှုက သူတို့ လက်ထဲရောက်လာ
ဒါ့ကြောင့် ခုကတည်းက NLD လူငယ်
ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို တိုးချဲ့ဖွဲ့ရမယ်
နေတာပါ။ ဒါတွေကြားရတော့ ၁၉၆၇-၆၈
ဗကပ ဗဟိုဌာနချုပ်မှာ တိုးချဲ့ပေါ်လစ်ဗျူရို ဖွဲ့
တွေကို ဆွဲသွင်း၊ ပါတီတွင်း အာဏာသိမ်းမှုလ
ဗိုလ်ရန်အောင်စတဲ့သူတွေကို ဖြုတ် ထုတ် သ
သေးတယ်။

၈၈ အုပ်စုဟာ ၂၀၀၆ခုနှစ် အောက်တိုဘ
ပြန်လည်ကျင်းပတော့မယ့် အချိန်ကစလို့ N
တိုက်ဆိုင်ပြီး အမျိုးသားညီလာခံပျက်စီးရေ
အဲဒီတုန်းက တာဝန်ရှိသူတွေက ခေတ္တခေါ်ယ
အမျိုးသားညီလာခံ ပြီးတဲ့အချိန်မှာ ပြန်လွှ
ခေါ်ယူထားစဉ် ကာလမှာလည်း တာဝန်ရှိသူတေ
ပတ်သက်လို့ရော၊ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ ပ
ပြောကြားခဲ့တယ်လို့ဆိုပါတယ်။ ဒါပေမယ့်

> **NLD ကတော့ မြေ**
> **ပေးရေး၊ ၁၉၉၀ပြည့်နှစ် ေ**
> **သုံးရပ်ကို ကိုင်စွဲလှုပ်ရှားပြီး အစိ**
> **NLDအတွက်ကလည်း ၁**
> **ကတည်းက မြန်မာ့နိုင်ငံရေး**
> **ဒီနည်းပဲရှိတာမို့ ပူးပေါင်းပါဝင်**
> **အနေနဲ့ လှုပ်ရှားမှုတွေမှာ ပါဝ**

အမှားများ (၂)

ကျော်မင်းလူ (ရွှေပြည်သာ)

အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများကို မြန်မာနိုင်ငံကို ဖိအားပေးအရေးယူဖို့ စာရေးသားတိုက်တွန်းတာတွေ လုပ်ခဲ့သလို ပြည်သူလူထုအတွင်းမှာ စီးပွားရေး၊ လူမှုရေးခေါင်းစဉ်အမျိုးမျိုးနဲ့ ဝင်ရောက်လှုပ်ရှားပြီး သွေးထိုးလှုံ့ဆော်မှုတွေ လုပ်ခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ နောက်ဆုံး နေတင်မြင့်တို့ကို ပြည်ပအထိ စေလွှတ်ပြီး ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ လုပ်နိုင်ဖို့အထိ ခြေလှမ်းကျဲခဲ့တာပါ။ ဒါတွေအားလုံးက မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားရေးအတွက် ချမှတ်ထားတဲ့ မဟာဗျူဟာကို အကောင်အထည် ဖော်နေတာပါပဲ။

ဒါကို ကျွန်တော်တို့ ခင်ဗျားတို့သတိထားဖို့လိုပါတယ်။ သူတို့ကို လူတွေ သနားအောင် ကျောင်းသားအမည်ခံနေပေမယ့် အသက်အရွယ်တွေက ခင်ဗျားတို့ ကျွန်တော်တို့လို လေးဆယ်ကျော်တွေပါ။ ကျောင်းသား မဟုတ်တော့သလို နိုင်ငံရေးအတွေ့အကြုံကလည်း ၈၈ အရေးအခင်းမှာ သုံးလေးလလောက် အစိုးရကို ကလော်ဆဲဖူးတာက လွဲပြီး နတ္ထိပါ၊ သူတို့မှာ တင်းပြည့်ကျပ်ပြည့်ရှိတာဆိုလို့ ဆူပူဆန္ဒပြရေး၊ အဖျက်အမှောင့်လုပ်ရေး အတွေးအခေါ်ပဲရှိတာပါ။

ဒီအဖွဲ့တွေက NLD နဲ့ ပုလင်းတူ၊ ဘူးဆို့လို့ပြောနိုင်ပေမယ့် သူတို့မှာလည်း ကွဲပြားတဲ့ ရည်မှန်းချက်ရှိတယ်။ အခုသူတို့က NLD နဲ့ ပြည်တွင်း ပြည်ပက အစိုးရဆန့်ကျင်ရေးအဖွဲ့တွေ၊ ပြည်ပမီဒီယာတွေက ဝိုင်းတွန်းတင်ပေးထားလို့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးစင်မြင့်ပေါ် ရောက်လာခဲ့ပြီ။ သူတို့ကိုယ်သူတို့ အစိုးရဆန့်ကျင်ရေးအုပ်စုတွေထဲမှာ ဒုတိယခေါင်းဆောင်တန်း (Second Line Leader)နေရာမှာရှိတယ်လို့ ယူဆနေတာပါ။ ဒေါ်စုကြည် ပြီးရင် သူတို့ပဲရှိတယ်ဆိုတဲ့ သဘောပါ။ သူတို့က အခု NLD မှာ ခေါင်းဆောင်တာဝန်ယူနေရတဲ့ ဘောင်းဘီချွတ် စစ်ဗိုလ်ဟောင်းတွေကိုရော၊ နိုင်ငံရေးသမားဟောင်းတွေကိုပါ သိပ်အထင်ကြီးတာ မဟုတ်ပါဘူး။ အခြေအနေအရ လက်တွဲနေရပေမယ့် တစ်ချိန်မှာ ခေါင်းဆောင်မှုက သူတို့ လက်ထဲရောက်လာမယ်လို့ ထင်နေသူတွေပါ။ ဒါ့ကြောင့် ခုကတည်းက NLD လူငယ်တွေကတစ်ဆင့် NLD ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို တိုးချဲ့ဖွဲ့ရမယ်၊ ဘာညာဆိုပြီး လေသံပစ်နေတာပါ။ ဒါတွေကြားရတော့ ၁၉၆၇–၆၈ ကာလတွေက ပဲခူးရိုးမ ဗကပ ဗဟိုဌာနချုပ်မှာ တိုးချဲ့ပေါ်လစ်ဗျူရို ဖွဲ့တယ်ဆိုပြီး တပ်နီလူငယ်တွေကို ဆွဲသွင်း၊ ပါတီတွင်း အာဏာသိမ်းမှုလုပ်ပြီး ဂိုရှယ်၊ ရဲဘော်ဌေး၊ ဗိုလ်ရန်အောင်စတဲ့သူတွေကို ဖြုတ် ထုတ် သတ်လုပ်ခဲ့တာ သတိရမိပါသေးတယ်။

၈၈ အုပ်စုဟာ ၂၀၀၆ခုနှစ် အောက်တိုဘာလ အမျိုးသားညီလာခံ ပြန်လည်ကျင်းပတော့မယ့် အချိန်ကစလို့ NLD နှစ်ပတ်လည်နေ့နဲ့ တိုက်ဆိုင်ပြီး အမျိုးသားညီလာခံပျက်စီးရေးလုပ်ဖို့ စတင်ခဲ့တာပါ။ အဲဒီတုန်းက တာဝန်ရှိသူတွေက ခေတ္တခေါ်ယူထိန်းသိမ်းထားသူတွေကို အမျိုးသားညီလာခံ ပြီးတဲ့အချိန်မှာ ပြန်လွှတ်ပေးခဲ့တာပါ။ အဲဒီလို ခေါ်ယူထားစဉ် ကာလမှာလည်း တာဝန်ရှိသူတွေက အမျိုးသားညီလာခံနဲ့ ပတ်သက်လို့ရော၊ မူဝါဒလမ်းစဉ်(၇)ရပ်နဲ့ ပတ်သက်လို့ရော ရှင်းလင်းပြောကြားခဲ့တယ်လို့ဆိုပါတယ်။ ဒါပေမယ့် အပြင်ပြန်ရောက်လာတော့လည်း သိတော်မူတဲ့ အတိုင်းပါပဲ၊ ကျွန်တော်တို့ရဲ့အမည်ခံ ကျောင်းသားကြီးများက ခွေးမြီးကောက် ကျည်တောက်စွပ်ပါပဲ။

၈၈မျိုးဆက်ကျောင်းသားအမည်ခံအုပ်စုတွေရဲ့ အမျိုးသားညီလာခံနဲ့ မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားရေးလုပ်ငန်းစဉ်တွေကို ပြည်ပြေးအဖွဲ့တွေ အားလုံးကရော ပြည်ပ အင်အားကြီးနိုင်ငံတစ်ခုကပါ ငွေအားလူအားနဲ့ ပံ့ပိုးပေးခဲ့တာပါ။ ၂၀၀၆ ခုနှစ်မှာ အေအေပီပီအဖွဲ့က ဘိုကြည်ကနေပြီး ၂၀၀၆ ခုနှစ် ဧပြီလအတွင်းမှာ အနောက်နိုင်ငံ သံရုံးတစ်ခုကနေတစ်ဆင့် ငွေကျပ်သိန်း ၂၅၀ကို မင်းကိုနိုင်တို့ထံကို ပို့ပေးခဲ့ပါတယ်။ ဒီလိုပဲ ၂၀၀၆ခုနှစ် ဩဂုတ်လထဲမှာလည်း အနောက်နိုင်ငံ အင်န်ဂျီအိုအဖွဲ့တစ်ခုကနေပြီး ဒွေးကြွယ်ဆီကို ဒေါ်လာသုံးသောင်းပို့ပေးခဲ့သေးသလို အမေရိကန်ရောက် ဗကသဟောင်းများနဲ့ အင်န်ဒီဒီအဖွဲ့က ခင်ဉမ္မာတို့ကလည်း ငွေ၂၅သိန်း ပို့ခဲ့တယ်။ အမေရိကန်လွှတ်တော်က ဖွဲ့စည်းပေးထားတဲ့ **National Endowment for Democracy, NED** အဖွဲ့ကလည်း ၂၀၀၆ ခုနှစ်မှာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီထွန်းကားဖို့ပေးတဲ့ အကူအညီခေါင်းစဉ်အောက်ကနေ ဒေါ်လာနှစ်သန်း ကိုးသိန်းကျော် ထောက်ပံ့ခဲ့တဲ့ အထောက်အထားတွေရှိပါတယ်။ အဲဒီအထဲမှာ ဒေါ်လာရှစ်သိန်းက ပြည်တွင်းမှာ လှုပ်ရှားနေတဲ့ အဖွဲ့တွေကိုပေးတယ်လို့ အတိအလင်းဖော်ပြထားပါတယ်။ ဒါက အလွယ်တကူ ရှာတွေ့နိုင်တဲ့ အထောက်အထားတွေအရပဲ ရှိပါသေးတယ်။ စီအိုင်အေလို ထောက်လှမ်းရေးအဖွဲ့တွေ၊ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ရန်ပုံငွေတွေကို တစ်ဆင့်ခံ အင်န်ဂျီအိုတွေကတစ်ဆင့် ၈၈အုပ်စုတွေဆီကို ရောက်နေဦးမှာ သေချာပါတယ်။

ဒီငွေတွေကြောင့်ပဲ ၈၈ အုပ်စုဝင်တွေဟာ ဘာအလုပ်အကိုင်၊ ဘာဝင်ငွေမှ မရှိဘဲ ကားတဝီဝီစီး၊ ဟန်းဖုန်းတွေ ခါးချိတ်၊ ကင်မရာကိုယ်စီနဲ့ အခမ်းအနားတွေမှာ လှုပ်ရှားနေတာကို ခင်ဗျားတို့ ကျွန်တော်တို့ တွေ့နေရတာပေါ့။ သူတို့ကို အစိုးရက ဟန်းဖုန်းထုတ်မပေးတာတော့ သေချာတယ်။ သိန်းနှစ်ဆယ်ကျော်ပေးရတဲ့ ဖုန်းတွေကို ကိုယ်စီကိုယ်စီ ကိုင်နေနိုင်တာ ဘယ်ကငွေတွေရလို့လဲလို့ မေးကြည့်စေချင်တယ်။ တစ်ခါတလေ မြန်မာပြည်အနှံ့တောင် ကားစီးလုံးငှားပြီး ခရီးထွက်လိုက်သေးဆိုပဲ။ ဒီငွေတွေနဲ့ပဲ ကျောင်းသား လောကထဲကို ကျောင်းသား အတုအယောင်တွေနဲ့ ထိုးဖောက်စည်းရုံးဖို့၊ စက်မှုဇုန်တွေက အလုပ်သမားတွေကို အလုပ်သမား အတုအယောင်တွေနဲ့ ဝင်ရောက်သွေးထိုးဖို့ လုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့ လှုပ်ရှားမှုတွေမှာ လူစည်ကားအောင် အလံရှူးတွေကြိုလွှတ်ပြီး လက်ခုပ်တီးခိုင်းတာ၊ ရေသန့်ဘူး ထွက်ကမ်းတာတို့ဆိုတဲ့ အလုပ်တွေကိုလုပ်ဖို့ ဒီငွေတွေနဲ့ပဲ လူတွေငှားပြီးခိုင်းခဲ့တာပါ။ မသိတဲ့လူတွေ၊ အမြင်မကျယ်သေးတဲ့ လူငယ်တွေအမြင်မှာတော့ သူတို့ကို ပြည်သူလူထုက ထောက်ခံနေတယ်ဆိုပြီးမြင်လာအောင် ကိုယ့်ဖဲ ကိုယ်ချိုးပြီး လုပ်တဲ့အလုပ်ပေါ့ဗျာ။ ပါလီမန်ခေတ်က အမတ်တွေ လူငှားပြီး လက်ခုပ်တီးခိုင်းတဲ့၊ မဲထည့်ခိုင်းတဲ့ အပေါက်မျိုးပါပဲ။

၈၈ အုပ်စုတွေက ပြည်ပကထောက်ပံ့တဲ့ငွေတွေနဲ့ မြေပေါ်လှုပ်ရှားမှုတွေကို လုပ်တာမဟုတ်သေးဘူး။ ၁၉၈၈၊ ၁၉၈၉ တုန်းက မင်းကိုနိုင်တို့၊ မိုးသီးဇွန်တို့ လုပ်ခဲ့တဲ့အလုပ်တွေလည်း ပြန်လုပ်ခဲ့သေးတယ်။ ၈၈ ခုနှစ်မှာ တပ်မတော်က နိုင်ငံတော်အာဏာကို လွှဲပြောင်းရယူလိုက်တဲ့ အခါကျတော့ မင်းကိုနိုင်၊ ကိုကိုကြီး၊ မိုးသီးဇွန်တို့နဲ့ ဖွဲ့စည်းထားတဲ့ ဗကသ က နိုင်ငံတော်အစိုးရကို ဆန့်ကျင်တိုက်ခိုက်ဖို့ အတွက် မြေပေါ်လှုပ်ရှားမှုနဲ့ မြေအောက်လှုပ်ရှားမှုပေါင်းစပ်တဲ့ တစ်ဝက် တစ်ပျက် ယူဂျီလုပ်ငန်းများ (Semi-UG) လုပ်ကိုင်ရန်၊ တရားဝင် နိုင်ငံရေးပါတီဖွဲ့စည်းရန်နဲ့ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဆန့်ကျင် တိုက်ခိုက်ရန်ဆိုတဲ့ နည်းလမ်းသုံးခုကို ချခဲ့တယ်။ ရှင်းအောင်ပြောရရင် အစိုးရကို မြေပေါ်၊ မြေအောက်နဲ့ လက်နက်ကိုင်လှုပ်ရှားမှု သုံးဘက်ညှပ်ပြီး တိုက်မယ်ဆိုတဲ့ သဘောပါပဲ။ ဒါ့ကြောင့် ထွန်းအောင်ကျော်တို့၊ နိုင်အောင်တို့က လက်နက်ကိုင်လမ်းစဉ်အတွက် နယ်စပ်မှာ အေဘီအက်စ်ဒီအက်ဖ်ကိုဖွဲ့၊ မိုးသီးဇွန်က လူ့ဘောင်သစ်ဒီမိုကရေစီပါတီကို မြေပေါ်ပါတီအဖြစ် ထူထောင်၊ မင်းကိုနိုင်က ဗကသကို မြေပေါ်မြေအောက် ဆက်စပ်လှုပ်ရှားဖို့အတွက် ခေါင်းဆောင်ဆိုတဲ့ ပုံစံကို ဖော်ဆောင်ခဲ့ကြတာပါ။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

NLD ကတော့ မြေပေါ်ပါတီဖြစ်တာကြောင့် တွေ့ဆုံဆွေးနွေးရေး၊ ဒေါ်စုကြည် ပြန်လွှတ်ပေးရေး၊ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ရေးဆိုတဲ့ တောင်းဆိုချက်သုံးရပ်ကို ကိုင်စွဲလှုပ်ရှားပြီး အစိုးရဆန့်ကျင်ရေး လှုပ်ရှားမှုတွေကိုတော့ နောက်ကွယ်ကပဲနေဖို့ ဖြစ်ပါတယ်။ NLDအတွက်ကလည်း ၁၉၉၅ခုနှစ် အမျိုးသားညီလာခံကနေ ဒေါ်စုကြည်အမိန့်နဲ့ ထွက်လာပြီးကတည်းက မြန်မာ့နိုင်ငံရေးဖြစ်စဉ်မှာ ဘေးရောက်နေခဲ့ရာကနေ လမ်းကြောင်းပေါ် ပြန်တက်ဖို့က ဒီနည်းပဲရှိတာမို့ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ NLD ပါတီဝင်တွေ၊ လူငယ်အဖွဲ့ဝင်တွေကို တစ်ဦးချင်းအနေနဲ့ လှုပ်ရှားမှုတွေမှာ ပါဝင်ဆောင်ရွက်စေခဲ့ပါတယ်။

နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို ရှေးရှုပြီး စိတ်ရှည်သည်းခံစွာနဲ့ ကိုင်တွယ်ခဲ့တာကို အခွင့်ကောင်းယူပြီး လှုပ်ရှားမှုတွေကို တဖြည်းဖြည်း အရှိန်မြှင့်လာခဲ့တာဖြစ်ပါတယ်။ ဗကပရဲ့ နည်းနာတွေ၊ ဂျင်းရှပ်ရဲ့ နည်းနာတွေကိုကျင့်သုံးပြီး လူထုလှုပ်ရှားမှုတွေ စတင်နိုင်အောင် Campaign အမျိုးမျိုးလုပ်တယ်၊ ဗကပရဲ့ ဒီမို ၂၀၀၆၊ ၂၀၀၇ ကြံဆချက်များဆိုတဲ့ တက်ကြွလှုပ်ရှားသူများတပ်ဦး (Activist Front, AF)နဲ့ မြေအောက် လှုပ်ရှားမှု (Under Ground, UG) လှုပ်ရှားမှုတွေကို ပေါင်းစပ် လှုပ်ရှားခဲ့တာပါ။ ဒါ့ကြောင့် ၈၈အုပ်စုအနေနဲ့ နိုင်ငံတကာ အစိုးရများ၊ နိုင်ငံတကာ အဖွဲ့အစည်းများကို မြန်မာနိုင်ငံကို ဖိအားပေးအရေးယူဖို့ စာရေးသားတိုက်တွန်းတာတွေ လုပ်ခဲ့သလို ပြည်သူလူထုအတွင်းမှာ စီးပွားရေး၊ လူမှုရေးခေါင်းစဉ် အမျိုးမျိုးနဲ့ ဝင်ရောက်လှုပ်ရှားပြီး သွေးထိုးလှုံ့ဆော်မှုတွေ လုပ်ခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ နောက်ဆုံး နေတင်မြင့်တို့ကို ပြည်ပအထိ စေလွှတ်ပြီး ပြည်တွင်းမှာ ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ လုပ်နိုင်ဖို့အထိ ခြေလှမ်း ကျဲခဲ့တာပါ။ ဒါတွေအားလုံးက မူဝါဒလမ်းစဉ်(၇)ရပ် ပျက်ပြားရေးအတွက် ချမှတ်ထားတဲ့ မဟာဗျူဟာကို အကောင်အထည်ဖော်နေတာပါပဲ။

၈၈ အုပ်စုဝင်တွေဟာ ဘာအလုပ်အကိုင်၊ ဘာဝင်ငွေမှ မရှိဘဲ ကားတဝီဝီစီး၊ ဟန်းဖုန်းတွေ ခါးချိတ်၊ ကင်မရာကိုယ်စီနဲ့ အခမ်းအနားတွေမှာ လှုပ်ရှားနေတာကို ခင်ဗျားတို့ ကျွန်တော်တို့တွေ့နေရတာပေါ့။ သူတို့ကို အစိုးရက ဟန်းဖုန်းထုတ်မပေးတာတော့ သေချာတယ်။ သိန်းနှစ်ဆယ်ကျော်ပေးရတဲ့ ဖုန်းတွေကို ကိုယ်စီကိုယ်စီကိုင်နေနိုင်တာ ဘယ်က ငွေတွေရလို့လဲလို့ မေးကြည့်စေချင်တယ်။ တစ်ခါတလေ မြန်မာပြည်အနှံ့တောင် ကားစီးလုံးငှားပြီး ခရီးထွက်လိုက်သေးဆိုပဲ။

ဒီငွေတွေနဲ့ပဲ ကျောင်းသား လောကထဲကို ကျောင်းသား အတုအယောင်တွေနဲ့ ထိုးဖောက်စည်းရုံးဖို့၊ စက်မှုဇုန်တွေက အလုပ်သမားတွေကို အလုပ်သမား အတုအယောင်တွေနဲ့ ဝင်ရောက်သွေးထိုးဖို့ လုပ်ခဲ့တာဖြစ်ပါတယ်။ သူတို့လှုပ်ရှားမှုတွေမှာ လူစည်ကားအောင် အလံရှူးတွေကြိုလွှတ်ပြီး လက်ခုပ်တီးခိုင်းတာ၊ ရေသန့်ဘူး ထွက်ကမ်းတာတို့ဆိုတဲ့ အလုပ်တွေကိုလုပ်ဖို့ ဒီငွေတွေနဲ့ပဲ လူတွေငှားပြီးခိုင်းခဲ့တာပါ။

ထွန်းအောင်ကျော်တို့ နိုင်အောင်တို့က လက်နက်ကိုင်လမ်းစဉ်အတွက် နယ်စပ်မှာ အေဘီအက်စ်ဒီအက်ဖ်ကို ဖွဲ့၊ မိုးသီးဇွန်က လူ့ဘောင်သစ် ဒီမိုကရေစီပါတီကို မြေပေါ်ပါတီအဖြစ် ထူထောင်၊ မင်းကိုနိုင်က ပကသကို မြေပေါ်မြေအောက် ဆက်စပ်လှုပ်ရှားဖို့အတွက် ခေါင်းဆောင်ဆိုတဲ့ပုံစံကို ဖော်ဆောင်ခဲ့ကြတာပါ။ နောက်ဆုံး တပ်မတော်က သူတို့တစ်တွေရဲ့အကြံကို ဖော်ထုတ်အရေးယူတာတွေလုပ်ခဲ့တော့ လူ့ဘောင်သစ်လည်းပျက်၊ မိုးသီးဇွန်လည်း နယ်စပ်ပြေး၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ ငွေကြွယ်တို့လည်း တရားဥပဒေအရ အရေးယူခံရပြီး ၈၈အုပ်စုအနေနဲ့ က-ကောင်းတုန်း ဇာတ်စင်ကျိုးပြီး ပွဲပျက်သွားတော့တာပါပဲ။

စာမျက်နှာ ၉ ဆောင်းပါးမှ အဆက်

အဲဒီတုန်းက သတင်းစာတွေ၊ ဆောင်းပါးတွေမှာ အဲဒီလှုပ်ရှားမှုတွေအကြောင်း အကျယ်တဝင့်ပါခဲ့တာကို တွေ့နိုင်ပါသေးတယ်။

နောက်ဆုံး တပ်မတော်က သူတို့တစ်တွေရဲ့အကြံကို ဖော်ထုတ်အရေးယူတာတွေ လုပ်ခဲ့တော့ လူ့ဘောင်သစ်လည်းပျက်၊ မိုးသီးဇွန်လည်း နယ်စပ်ပြေး၊ မင်းကိုနိုင်၊ ကိုကိုကြီး၊ ငွေကြွယ်တို့လည်း တရားဥပဒေအရ အရေးယူခံရပြီး ၈၈ အုပ်စုအနေနဲ့ က-ကောင်းတုန်း ဇာတ်စင်ကျိုးပြီး ပွဲပျက်သွားတော့တာပါပဲ။ မိုးသီးဇွန်ကတော့ သူတို့ထဲမှာ လူလည်အကျဆုံးဆိုတော့ နယ်စပ်မှာခဏနေပြီး ABSDFဥက္ကဋ္ဌ လုပ်လိုက်သေးတယ်။ နောက်တော့ လက်နက်ကိုင်တော်လှန်ရေး လုပ်တာထက် ထောက်ပံ့ကြေးယူရတဲ့ သူတောင်းစား တော်လှန်ရေးလုပ်ရတာ ပိုကောင်းတယ်ဆိုပြီး အမေရိကန်မှာသွားပြီး ပညာသင်သလိုလို၊ မြန်မာ့အရေး လှုပ်ရှားသလိုလိုနဲ့ ဇိမ်ကျနေတော့တာပဲ။ ဘယ်သူတွေက ထောက်ပံ့ထားတယ်ဆိုတာတော့ မိုးသီးဇွန်အသိဆုံးဖြစ်မှာပါ။ ဒါတောင် တစ်ခါတစ်ခါ အသံလွှင့်ဌာနတွေက တစ်ဆင့် မြန်မာပြည်သူတွေ ကိုယ့်အားကိုယ်ကိုးဖို့ဆိုပြီး အားမနာလျှာမကျိုး ပြောပြောနေသေးတယ်။ ကဲ-မိုးသီးဇွန်အကြောင်းခဏထား ပြည်တွင်းက ၈၈ အုပ်စုအကြောင်း ဆက်ရအောင်။

၂၀၀၄ ခုနှစ် ကုန်ခါနီးမှာ မင်းကိုနိုင်၊ ကိုကိုကြီး၊ ငွေကြွယ်တို့ ပြစ်ဒဏ်ကျခံနေရာကနေ လွတ်လာတော့ နိုင်ငံတော်ကိုကျေးဇူးတင်ရမယ့်အစား ၈၈၊ ၈၉ တုန်းကဇာတ်ပျက်ကို ပြန်ကဖို့ကြိုးစားလာကြတယ်။ ဒါကြောင့်လည်း အစိုးရသည်းခံခွင့်လွှတ်တာကို အခွင့်ကောင်းယူပြီး မြေပေါ်လှုပ်ရှားမှုတွေလုပ်သလို နယ်စပ်မှာ ပြည်ပြေးအကြမ်းဖက်သမားတွေ၊ လက်ကျန်သောင်းကျန်းသူတွေ ပေါင်းစပ်ဖွဲ့စည်းထားတဲ့ NCGUB၊ ABSDF အကြမ်းဖက်သောင်းကျန်းသူတွေနဲ့ ပေါင်းပြီး လူထုတိုက်ပွဲကော်မတီဆိုတာဖွဲ့ပြီး ပြည်တွင်းမှာ ဆူပူမှုတွေဖြစ်အောင်လုပ်ဖို့ ကြိုးစားလာခဲ့တယ်။ နောက်ဆုံးမှာ ပြည်ပကလုပ်နေတဲ့ အဖွဲ့တွေကို အားမရလို့နဲ့တူပါရဲ့၊ ပြည်တွင်း ၈၈ အုပ်စုက နေတင်မြင့်ကို ဒီနှစ်မေလထဲမှာ မဲဆောက်ကတစ်ဆင့် ပြည်ပကိုစေလွှတ်ပြီး အဖျက်လုပ်ငန်းတွေကို ပေါင်းစပ်ညှိနှိုင်းဖို့တာဝန်ပေးတဲ့အထိ အတင့်ရဲလာခဲ့ကြတယ်။ မင်းကိုနိုင်တို့က နေတင်မြင့်ထွက်သွားတာဟာ အဖျက်လုပ်ငန်းတွေလုပ်ဖို့ မဟုတ်ပါဘူးလို့ ငြင်းခဲ့ပေမယ့် စက်တင်ဘာလ ၂၄ရက်နေ့မှာ NLD(LA) က အထူးကြေညာချက်ထုတ်ပြန်ပြီး ဖွဲ့စည်းခဲ့တဲ့လူထုတိုက်ပွဲကော်မတီဝင်ကိုးဦးမှာ နေတင်မြင့် နာမည်ပါနေတာကို တွေ့လိုက်ရတော့ ဩော်-မင်းကိုနိုင်တို့လဲ ရှေ့က ဖုံး၊ နောက်ကပေါ် ဖြစ်နေပါပေါ့လားလို့သာ သက်ပြင်းချမိပါတော့တယ်ဗျာ။

မင်းကိုနိုင်တို့အုပ်စုဟာ ဒီနှစ် ဇူလိုင်လထဲမှာ အမျိုးသားညီလာခံ **ပြန်လည်ကျင်းပတော့မယ်ဆိုတာသိတာနဲ့ အမျိုးသားညီလာခံပျက်ပြားရေး လုပ်ရပ်တွေကို အရှိန်မြှင့်လုပ်ဆောင်လာခဲ့ပြန်တယ်။ ဇွန်လအတွင်းမှာ ၈၈ အုပ်စုအနေနဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်သော သဘောထား ကြေညာချက်ဆိုတာကို ထုတ်ပြန်ခဲ့သလို ရှစ်လေးလုံး နှစ်ပတ်လည်နေ့မှာလည်း ကြေညာချက်တစ်စောင် ထုတ်ခဲ့ပါတယ်။ အဲဒီကြေညာချက် နှစ်စောင်မှာပါဝင်တဲ့ အရေးအသားတွေကိုကြည့်ရင် အမျိုးသားညီလာခံကို ပျက်ပြားစေရန်နဲ့ အမျိုးသားညီလာခံက ဆောင်ရွက်နေတဲ့ လုပ်ငန်းများကို ထိခိုက်စေရန်၊ သေးသိမ်စေရန်နှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ပါဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။ ၈၈ မျိုးဆက်ကျောင်းသားအမည်ခံအုပ်စုရဲ့ ကြေညာချက်တွေနဲ့ ချိန်ကိုက်ပြီး ပြည်ပက အကြမ်းဖက်သမားတွေကလည်း ဇူလိုင်လအတွင်းမှာ နယ်စပ်ဒေသကနေ ဖောက်ခွဲရေးအဖွဲ့တွေကို ပြည်တွင်းကို စေလွှတ်ခဲ့သေးတယ်။** ဒီသတင်းတွေကတော့ သတင်းစာတွေထဲမှာ အကျယ်တဝင့်ပါခဲ့ပြီးဖြစ်လို့ ကျွန်တော် အသေးစိတ် မပြောတော့ပါဘူး။

ဒီအုပ်စုတွေရဲ့ ရည်ရွယ်ချက်က ရှင်းရှင်းလေးပါ။ ပြည်တွင်း ဖောက်ခွဲမှုတွေ ပြုလုပ်ပြီး အမျိုးသားညီလာခံကို ပျက်အောင်ဖျက်မယ်၊ တတ်နိုင်ရင် အမျိုးသားညီလာခံ ကျင်းပတဲ့နေရာမှာ ဖောက်ခွဲမှုတွေလုပ်ပြီး ကိုယ်စားလှယ်တော်တွေ အသက်ဆုံးရှုံးရတဲ့အထိ လုပ်မယ်ဆိုပြီး အကြံပက်စက်ခဲ့တာပါ။ လုံခြုံရေးတာဝန်ရှိတဲ့အဖွဲ့အစည်းများက ပြည်သူလူထု အကူအညီနဲ့ ကြပ်ကြပ်မတ်မတ် ကာကွယ်ဆောင်ရွက်နိုင်ခဲ့လို့ သူတို့ လုပ်ရပ်တွေ မအောင်မြင်ခဲ့တာပါ။ ဒီအကြမ်းဖက်လုပ်ရပ်တွေနဲ့ အမျိုးသားညီလာခံကို ပျက်ပြားအောင် လုပ်လို့မရတော့ မင်းကိုနိုင်တို့ ခေါင်းဆောင်ပြီး ဩဂုတ်လဆန်းကစပြီး ပြည်တွင်းမှာ ဆူပူမှုတွေလုပ်ဖို့ ကြိုးစားခဲ့ပြန်ပါတယ်။ အဲဒီလို အကြမ်းဖက်မှုတွေမှာရော၊ အမျိုးသားညီလာခံ ပျက်ပြားရေး ကြိုးပမ်းဆောင်ရွက်မှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက်ဖျက်ဆီးတဲ့ လုပ်ရပ်တွေကိုပါ လုပ်ဆောင်လာတာကြောင့် နောက်ဆုံးမှာ မင်းကိုနိုင်ခေါင်းဆောင်တဲ့ ၈၈အုပ်စုဝင်တွေကို တာဝန်ရှိသူများက ခေါ်ယူစစ်ဆေးမေးမြန်းခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီထဲက ငွေကြွယ်ကတော့ ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်ပြီး သံဃာတော်များအတွင်းမှ ဆူပူဆန္ဒပြမှုတွေဖြစ်လာအောင် ပြည်ပ မီဒီယာများက တစ်ဆင့် လှုံ့ဆော်သွေးထိုးနေတုန်းပါပဲ။

ကဲ-စဉ်းစားကြည့်ကြပါဗျာ။ နိုင်ငံတော်က ဒီမိုကရေစီရှေ့ခရီးအတွက် အဆင်ပြေပြေ၊ ချောချောမွေ့မွေ့သွားနိုင်အောင် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တည်ဆောက်ပေးနေချိန်၊ လူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်ကြီးများက ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်လာဖို့လိုအပ်တဲ့အခြေခံမူတွေ၊အသေးစိတ် အခြေခံရမယ့်မူတွေကို အပြန်အလှန် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်လို့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေကို လုပ်နေချိန်မှာ ပြည်တွင်းက အာဏာကို ဖြတ်လမ်းနည်းနဲ့ လိုချင်တဲ့အဖွဲ့များက အကြမ်းဖက်လမ်းစဉ်၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်တွေနဲ့ အဖျက်လုပ်ရပ်တွေကို လုပ်နေကြတယ်။ ကျွန်တော်တို့ ဘယ်ဘက်ကရပ်မှာလဲ၊ ဘယ်သူကိုထောက်ခံလို့ ဘယ်သူ့ကို ဆန့်ကျင်ကြမှာလဲ၊ အဖြေကတော့ ရှင်းနေပါပြီ။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်ဖို့ အားသွန်ခွန်စိုက်လုပ်နေတဲ့လူဘက်က ရပ်တည်ရမှာပဲ။ သမိုင်းဘီးကို နောက်ပြန်လှည့်ပြီး ၁၉၈၈ခုနှစ်က အခြေအနေကို ရောက်အောင် လုပ်နေတဲ့လူတွေကိုတော့ တားဆီးရမှာပဲ။ ဒီနေရာမှာ ကျွန်တော်တို့အားလုံး သတိထားရမယ့် အချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ပြည်တွင်းက ပုဆိန်ရိုးများဟာ ပြည်ပက ဆရာကြီးများရဲ့ အကူအညီမရရင် ဘယ်လိုမှ ရပ်တည်လို့မရပါဘူး။ နောက်အပိုင်းမှာတော့ နောက်ကဝိုင်းပြီး ဒေါ်တီးပေးနေတဲ့ ဆရာကြီးများအကြောင်း ဆက်ပါဦးမယ်။ ။

နိုင်ငံတော်က ဒီမိုကရေစီရှေ့ခရီးအတွက် အဆင်ပြေပြေ၊ ချောချောမွေ့မွေ့သွားနိုင်အောင် လိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို တည်ဆောက် ပေးနေချိန်၊ လူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်ကြီးများက ခိုင်မာတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ပေါ်ပေါက်လာဖို့ လိုအပ်တဲ့ အခြေခံမူတွေ၊ အသေးစိတ်အခြေခံရမယ့်မူတွေကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းဆုံးဖြတ်လို့ အပြုသဘောဆောင်တဲ့ လုပ်ဆောင်ချက်တွေကို လုပ်နေချိန်မှာ ပြည်တွင်းက အာဏာကိုဖြတ်လမ်းနည်းနဲ့ လိုချင်တဲ့အဖွဲ့များက အကြမ်းဖက်လမ်းစဉ်၊ ထိပ်တိုက်ရင်ဆိုင်ရေး၊ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်တွေနဲ့ အဖျက်လုပ်ရပ်တွေကို လုပ်နေကြတယ်။ ကျွန်တော်တို့ ဘယ်ဘက်ကရပ်မှာလဲ၊ ဘယ်သူကိုထောက်ခံလို့ဘယ်သူ့ကို ဆန့်ကျင်ကြမှာလဲ၊ အဖြေကတော့ ရှင်းနေပါပြီ။ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို အကောင်အထည် ဖော်နိုင်ဖို့ အားသွန်ခွန်စိုက်လုပ်နေတဲ့လူဘက်က ရပ်တည်ရမှာပဲ။ သမိုင်း ဘီးကို နောက်ပြန်လှည့်ပြီး ၁၉၈၈ခုနှစ်က အခြေအနေကို ရောက်အောင် လုပ်နေတဲ့လူတွေကိုတော့ တားဆီးရမှာပဲ။ ဒီနေရာမှာ ကျွန်တော်တို့အားလုံး သတိထားရမယ့် အချက်တစ်ခုရှိပါတယ်။ အဲဒါကတော့ ပြည်တွင်းက ပုဆိန်ရိုးများဟာ ပြည်ပက ဆရာကြီးများရဲ့ အကူအညီမရရင် ဘယ်လိုမှ ရပ်တည်လို့မရပါဘူး။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် မိုးညှင်း ဝိပဿနာတိုက်သစ်ကြီး၏ မဟာရံတံတိုင်း ဆောက်လုပ်ပြုပြင်ရန်အတွက် ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်း ဘုရင့်နောင်တာဝါနေ မိုးညှင်းဂုဏ်ဝိသုဒ္ဓိ အကျိုးတော်ဆောင် မိခင်ကြီး(ဒေါ်သိန်းတင်)၊ သမီး ဒေါ်သန်းသန်း၊ မြေး ဒေါ်မော်လီစိုး(ခ)ဒေါ်သန်းသန်းနွဲ့၊ ဒေါ်သန်းသန်းနု၊ ဦးလှအောင်၊ မြစ် မောင်မိုးမိုးဇော်၊ မောင်ကျော်ကျော်စိုး၊ မောင်သော်သော်စိုး၊ သား သမီး မြေးမြစ်တစ်စုတို့က မဟာရံတံတိုင်းတစ်ခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

(၁၀၇)ကြိမ်မြောက် ပေါင်းတည်မြတ်စွယ်တော်ပွဲ အောင်မြင်စွာကျင်းပပြီးစီး စွယ်တော်လှည့်လည်ပူဇော်ပွဲ တစ်ပြည်လုံးမှ ဘုရားဖူးများဖြင့် အထူးစည်ကားများပြား

ရန်ကုန် စက်တင်ဘာ ၂၇

ပဲခူးတိုင်း(အနောက်ပိုင်း) ပေါင်းတည်မြို့၏ (၁၀၇)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်ပူဇော်ပွဲကို တော်သလင်းလဆန်း ၁၂ ရက် စက်တင်ဘာ ၂၃ ရက် ညနေ ၄ နာရီခွဲမှစတင်ပြီး သကျမုနိ မိုလ်းကောင်းဘုရားကြီး ပရိဝုဏ်အတွင်း၌ကျင်းပရာ ရွှေကျောင်းကြီးတိုက် နာယကအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ သကျမုနိမိုလ်းကောင်းကျောင်း ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် ဗုဒ္ဓမြတ်စွယ်တော်အခမ်းအနားစီစဉ်မှု အဖွဲ့ကြီး၏ ဩဝါဒါစရိယ သာသနဇောတိကာရုံကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တဝိမလအမှူးပြုသော ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြသည့် အာဂမဇောတိကာရုံကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တပညာဝံသ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တပါရဂူ၊ မင်္ဂလာကျောင်းသစ်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုနန္ဒ၊ ပြည်လုံးချမ်းသာကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ကြီး ငါးပါးနှင့် (၁၀၇)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော်အခမ်းအနား စီစဉ်မှုအဖွဲ့ဥက္ကဋ္ဌ ဦးညိမ်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့်အဖွဲ့ဝင်များ၊ သဒ္ဓမ္မဝေပုလ္လအသင်း အမှုဆောင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရွှတ်ဆိုပူဇော်

ရှေးဦးစွာ ဂန္ဓကုဋိတိုက်မှ ဗုဒ္ဓမြတ်စွယ်တော်အား အပူဇော်ခံရွှေပလ္လင်ပေါ်သို့ပင့်ဆောင်သည့် အခမ်းအနားကို ကျင်းပရာ အခမ်းအနားသို့တက်ရောက်လာသူများက နမောတဿ သုံးကြိမ်ရွှတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီးနောက် ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တစ်နှစ်တာ ကိန်းဝပ်စံပယ်တော်မူသည့် ဂန္ဓကုဋိတိုက်မှ အပူဇော်ခံရာ ရွှေပလ္လင်ပေါ်သို့ ကြွမြန်းရန် ဂါထာတော်များ၊ မင်္ဂလာရတု ကဗျာများ၊ တောင်းဆုခြွေရာ ပတ္ထနာတေးထပ်များဖြင့် တာဝန်ရှိသူတို့က ရွှတ်ဆိုပူဇော်ကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးညိမ်းနှင့် အဖွဲ့ဝင်များက စတင်ပင့်ဆောင်ပြီး မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလအမှူးပြုသော ဩဝါဒါစရိယ ဆရာတော်ကြီးများက အဆင့်ဆင့်ပင့်ဆောင်ကြကာ အပူဇော်ခံ ရွှေပလ္လင်ပေါ်သို့ ပင့်ဆောင်ကြလျက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွှတ်ဆို ဆုတောင်းပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တော်သလင်းလဆန်း ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်အား ရတနာဆင်တော်ဖြင့် ပေါင်းတည်မြို့ပေါ်ရပ်ကွက် (၁၂)ရပ်ကွက်သို့ လှည့်လည်အပူဇော်ခံသည့် အခမ်းအနားကို စတင်ကျင်းပရာ ရှေးဦးစွာ မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလ ဆရာတော်နှင့် ဩဝါဒါစရိယဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်များ၊ ဂေါပကအဖွဲ့ဝင်များက အပူဇော်ခံ ရွှေပလ္လင်ပေါ်မှ လက်ဆင့်ကမ်းသယ်ဆောင်ပြီး မင်္ဂလာရတနာဆင်ပေါ်သို့ ပင့်ဆောင်ကြရာ ကနက္ကဒါန် ထီးဖြူ၊ ရွှေထီး၊ သိုင်း၊ ကျိုင်း၊ သာသနာအလံတော်များ ကိုင်ဆောင်၍ အရှေ့ဝင်း၊ အနောက်ဝင်း ခင်းပြီး ဓမ္မစကြာအသင်းများ၊ ဆင်ပိုင်ရှင် ဖောင်သူကြီးအနွယ်စုဝင်များ၊ ဝတ်အသင်းများ၊ အနုပညာရှင် ယိမ်းမော်တော်ယာဉ်များ၊ ဘုရားဖူးပြည်သူများ ဝန်းရံလျက် ပေါင်းတည်မြို့ပေါ်ရပ်ကွက်သို့ လှည့်လည်အပူဇော်ခံပြီးနောက် အပူဇော်ခံ ရွှေပလ္လင်ထက်သို့ ပြန်လည်၍ စံမြန်းတော်မူရာ အနယ်နယ် အရပ်ရပ် ဘုရားဖူးများက ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများ၊ အလှူတော်ငွေများအား ထည့်ဝင် ပူဇော်ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တော်သလင်းလဆန်း ၁၄ ရက် နံနက် ၈ နာရီတွင် အပူဇော်ခံ ရွှေပလ္လင်ထက်ရှိ ဗုဒ္ဓမြတ်စွယ်တော်အား ရွှေကြုတ်တော်ဖွင့်မင်္ဂလာအခမ်းအနားကို ဆက်လက် ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့ဝင် လူကြီးများက ဗုဒ္ဓမြတ်စွယ်တော်အား ရွှေကြုတ်မှဖွင့်လှစ်၍ ပကတိအတိုင်း အပူဇော်ခံသည်။

ပြန်လည်ပင့်ဆောင်

ယင်းနောက် တော်သလင်းလဆန်း ၁၅ ရက် ည ၉ နာရီတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော် ဦးဝိမလနှင့် ဩဝါဒါစရိယ ဆရာတော်ကြီးများဦးဆောင်လျက် ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် ဂေါပကအဖွဲ့ဝင်များနှင့်အတူ ဗုဒ္ဓမြတ်စွယ်တော်အား တစ်နှစ်တာ ပြန်လည်ကိန်းဝပ်စံပယ်မည့် ဂန္ဓကုဋိတိုက်အတွင်းသို့ အခမ်းအနားဖြင့် ပြန်လည်ပင့်ဆောင်ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွှတ်ဆို ဆုတောင်းလျက် အခမ်းအနားကို ရုပ်သိမ်းသည်။

ပေါင်းတည် ဗုဒ္ဓမြတ်စွယ်တော် (၁၁၀)ပြည့်နှစ် (၁၀၇)ကြိမ်မြောက် ဗုဒ္ဓမြတ်စွယ်တော် ပွဲတော်ကျင်းပရာတွင် မြန်မာနိုင်ငံအနှံ့အပြားမှ ဘုရားဖူးပြည်သူများအား တိုင်းရင်းဆေးသမားတော်ကြီးများ၊ အထွေထွေရောဂါကုသမားတော် ဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများက အခမဲ့စမ်းသပ်ကုသပေးကြသည်။ မြို့ပေါ်ရပ်ကွက်များတွင်လည်း ပျော်ပွဲရှင်ပွဲများဖြင့်လည်းကောင်း၊ ဗုဒ္ဓမြတ်စွယ်တော်ပင့်ဆောင်ရာ လမ်းတစ်လျှောက် ဆင်ရတနာ ရပ်နားစခန်းများတွင်လည်းကောင်း ပွဲတော်ကိုလိုက်ပါကြသူများအား ရိုးရာခလေ့ မုန့်၊ အချိုရည်များဖြင့် ပျူငှာစွာ ကျွေးမွေးဧည့်ခံကြပြီး ပွဲတော်သို့ ဆိုင်ခန်းပေါင်း ထောင်ကျော်လာရောက် ရောင်းချကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၂၇ - ၉ - ၂၀၀၇ ကိုထွေး - စုစည်းတင်ဆက်သည်

ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ရေးနည်းစနစ် နည်းပြသင်တန်းဆင်း

အားကစားဝန်ကြီးဌာနနှင့်မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၀၇ ခုနှစ် ပြည်နယ်နှင့် တိုင်းအဆင့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ရေးနည်းစနစ်နည်းပြ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့် ကာယပညာ သိပ္ပံ(ရန်ကုန်) သင်တန်းခန်းမ၌ကျင်းပသည်။

အမှာစကားပြော

ရှေးဦးစွာ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေးက ပထမဆုရရှိသော အောင်ဆန်းကွင်း လေ့ကျင့်ရေးစခန်းမှ မယမင်းသူဇာ၊ ဒုတိယဆုရရှိသော မကွေးတိုင်းမှ မသဥ္စာဝင်းသောင်း၊ တတိယဆု ရရှိသော ဧရာဝတီတိုင်းမှ မနွေးနန္ဒာလင်းတို့အား ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ သင်တန်းသူများကိုယ်စား သင်တန်းသူ တစ်ဦးအား သင်တန်းဆင်းလက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး သင်တန်းသူများက တာဝန်ရှိသူများ၊ သင်တန်း တာဝန်ခံများနှင့် သင်တန်းနည်းပြများအား အမှတ်တရ လက်ဆောင်များပေးအပ်ကာ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲ တပ်မတော်လူငယ်အသင်း ဦးဆောင်လျက်ရှိ

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇–၂၀၀၈ခုနှစ် ဘောလုံးရာသီ ဒုတိယတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၇ ရက်မှ စတင်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားရာ စက်တင်ဘာ ၂၀ ရက် ပွဲစဉ်များအပြီးတွင် တပ်မတော် လူငယ်အသင်းက အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။

ကြေညာမည်

ပုလဲနက်အသင်းနှင့် တပ်မတော် လူငယ်အသင်းတို့ သုံးမှတ်စီ တူညီသော်လည်း ဂိုးကွာခြားချက်အရ တပ်မတော်လူငယ်အသင်း ထိပ်ဆုံးမှဦးဆောင်နေခြင်းဖြစ်သည်။ ဒုတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၂၁ ရက်မှစတင်၍ ရပ်နားထားပြီး ပြန်လည်ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာအားကစားအဖွဲ့ တရုတ်သို့ ထွက်ခွာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟဲမြို့၌ စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ ကျင်းပလျက်ရှိသည့် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ(2007 Special Olympic World Summer Games)၌ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးမျိုးမြင့်(အငြိမ်းစား) ဦးဆောင်သော အဖွဲ့ဝင် ၂၄ ဦးပါဝင်သည့် မြန်မာအားကစားအဖွဲ့သည် ယနေ့ ညနေပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

တာဝန်ယူဆောင်ရွက်

မြန်မာအားကစားအဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဗိုလ်မှူးကြီးမျိုးမြင့်(အငြိမ်းစား)၊ ဒုတိယအဖွဲ့ခေါင်းဆောင်အဖြစ် ဦးအောင်နိုင်၊ ဘောလုံးအသင်း နည်းပြချုပ်အဖြစ် ဦးသန်းဇော်၊ လက်ထောက် နည်းပြအဖြစ် ဦးဘန်နီဘွေး၊ သစ်သားဘောလုံးလိမ့်အသင်း နည်းပြများအဖြစ် ဦးမြင့်ဦးနှင့် ဒေါ်ခင်သန်းနွယ်၊ ပြေးခုန်ပစ်အသင်း နည်းပြချုပ်အဖြစ် ဒေါ်ခင်ဆွေအေး၊ လက်ထောက်နည်းပြအဖြစ် ဦးသက်ထွန်းဦးတို့က တာဝန်ယူဆောင်ရွက်ကြသည်။

ပါဝင်

အားကစားသမားများအဖြစ် ဘောလုံးအသင်းတွင် မောင်မင်းဆွေထက်၊ မောင်ငြိမ်းချမ်းအောင်၊ မောင်ထက်အောင်လှိုင်၊ မောင်ဟန်ဇော်ဦး၊ မောင်အောင်မြင်သူ၊ မောင်မင်းချမ်းအေး၊ မောင်ထွန်းတာရာနှင့် မောင်မင်းသက်ပိုင်၊ သစ်သားဘောလုံးလိမ့်အသင်းတွင် မောင်ချမ်းသာနှင့် မဇင်မေသန့်၊ ပြေးခုန်ပစ်အသင်းတွင် မောင်ရှိန်းအောင်ထက်၊ မောင်ဇော်မျိုးနိုင်၊ မဆုနန္ဒာဝင်း၊ မယုယုရွှေနှင့် မခင်စန္ဒာဝင်းတို့ ပါဝင်ကြသည်။

အဖွဲ့ဝင်အဖြစ် ဦးပီတာ၊ ကမ္ဘာ့ဉာဏ်ရည်မမီသူများ မိသားစုအဖွဲ့ အစည်းအဝေး(Family Summit) တက်ရောက်မည့် ကိုယ်စားလှယ်အဖြစ် ဦးမိုးဇင်တို့က ဆောင်ရွက်ကြသည်။

ယှဉ်ပြိုင်ခဲ့

၂၀၀၇ ခုနှစ် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပြိုင်ပွဲ (2007 Special Olympic World Summer Games)တွင် နိုင်ငံပေါင်း ၁၃၀ မှ အားကစားသမားပေါင်း ၇၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ မြန်မာ့ဉာဏ်ရည်မမီသူများ အားကစားအဖွဲ့သည် စင်ကာပူနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပွဲတော်နှင့် ထိုင်းနိုင်ငံ၌ ကျင်းပသည့် ကမ္ဘာ့ဉာဏ်ရည်မမီသူများ အားကစားပွဲတော်တို့၌လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မသန်စွမ်းသူများ အားကစားပြိုင်ပွဲ စီးပွား/ ကူးသန်းအသင်း ဦးဆောင်လျက်ရှိ

၂၀၀၇ ခုနှစ် (၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲကို စက်တင်ဘာ ၂၂ ရက်မှ စတင်ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၅ ရက် ပွဲစဉ်များအပြီးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းက ဆုတံဆိပ်အများဆုံးဖြင့် ဦးဆောင်လျက်ရှိပြီး တံခွန်စိုက်ဆုဖလားဆွတ်ခူးရန် သေချာနေပြီဖြစ်သည်။

ယှဉ်ပြိုင်ကစားမည်

(၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများအားကစားပြိုင်ပွဲ၏ ပြေးခုန်ပစ်ပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲတို့ကို သတ်မှတ်ထားသည့် အားကစားကွင်း အားကစားရုံများ၌ကျင်းပခဲ့ပြီး ဂေါက်သီးရိုက်ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၆ နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဂေါက်ကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(၁၉)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ ၁၄ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

နွယ်သာကီမဂ္ဂဇင်း အမှတ်(၃) ထွက်ပြီ

ရန်ကုန် စက်တင်ဘာ ၂၇

ရွှေပြည်စိုးစာပေတိုက်မှ ထုတ်ဝေသည့် နွယ်သာကီမဂ္ဂဇင်းအမှတ်(၃)ကို ၂၀၀၇ ခုနှစ် အောက်တိုဘာအတွက် ထုတ်ဝေထားသည်။ နွယ်သာကီမဂ္ဂဇင်း အမှတ်(၃)တွင် ဇော်ဂျီ၊ မင်းသုဝဏ်အတွက် အမှတ်တရ ဂါရဝ ဇော်မင်းမင်းဦး၊ မြင်းမူမောင်နိုင်မိုး၊ ညွန့်ဝေ(ကသာ)၊ မွှေးငယ်ငယ်၊ ကျော်ကျော်ဦး(လယ်ဝေး)၊ မောင်မောင်မိုးအောင်၊ ကောင်းမြတ်(ခရာတော)၊ ဘွင်းဘွင်း၊ ခြိမ့်နိုင်၊ ခမ်းစုဝင်းကြည်(သီပေါ)တို့၏ ကဗျာများ၊ ချစ်နိုင်(စိတ်ပညာ)၊ ရေနံ့သာမောင်ကျော်ညွန့်၊ နေမျိုးသန့်တို့၏ ကျောင်းသားရေးရာ၊ ကျော်(စက်မှု)၊ ကျော်စွာလင်း၊ ကိုကိုလှိုင်တို့၏ နိုင်ငံတကာရေးရာ၊ မြဟန်သိန်းမောင်၊ ကြယ်တစ်လုံး၊ မောင်မြင့်မားတို့၏ဟာသ၊ ကေမီကောင်း၊ မော်ဝန်းကြည်မြတ်တို့၏ အနုပညာရေးရာ၊ နန်းအိမ်သီဟ၊ မြင့်လွင်(ဂျပန်ဘာသာ)၊ ဖြိုးထိန်တို့၏ စာပေရေးရာ ဆောင်းပါးများ၊ ပညာဗလ၊ ရန်မင်းအောင်၊ မောင်ဟသ်ာ၊ မောင်ခြိမ့်၊ ကို(တက္ကသိုလ်)၊ စိုးစိုး(ပန်းတောင်း)တို့၏ ဝတ္ထုများ၊ မောင်ဆန္ဒ(လယ်ဝေး)၊ တင်ဝင်း(မအူပင်)၏ ဗုဒ္ဓဝင်ရသနှင့် မိုးပန်းမွှန်(ရာမည)၏ ဝတ္ထုရှည် စ–ဆုံးတို့ဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလိုက်သည်။ နွယ်သာကီမဂ္ဂဇင်းအား နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) ၅၂၉–ကုန်သည်လမ်း စာပေဗိမာန်(ဖုန်း–၃၇၄၅၃၂)၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) သစ္စာလမ်းမကြီး ရန်ကင်း ဆရာအတတ်သင်ရှေ့(ဖုန်း–၇၂၅၅၃၀)၊ မန္တလေးမြို့ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **(က–ပ)**

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲ အကြိုမြင်ကွင်း

သတင်းဆောင်းပါး

မောင်မောင်မြင့်ဆွေ

ပေကျင်း စက်တင်ဘာ ၂၂

ကမ္ဘာ့အားကစားပြိုင်ပွဲတွေထဲမှာ သက်တမ်းရှည်ကြာတဲ့ ပြိုင်ပွဲတစ်ခုဖြစ်တဲ့ အိုလံပစ်အားကစားပြိုင်ပွဲကို တရုတ်နိုင်ငံ ပေကျင်းမြို့မှာ လာမယ့် ၂၀၀၈ခုနှစ် ဩဂုတ်၈ရက်မှ ၂၄ ရက်အထိကျင်းပဖို့ ပြင်ဆင်နေပါတယ်။ ၁၈၉၆ခုနှစ် အေသင် အိုလံပစ်ပြိုင်ပွဲကနေပြီး စတင်ခဲ့တဲ့ အိုလံပစ်အားကစားပြိုင်ပွဲဟာ အာရှတိုက်မှာတော့ ၁၉၆၄ခုနှစ် ဂျပန်နိုင်ငံ တိုကျိုမြို့မှာ ကျင်းပခဲ့တဲ့ အိုလံပစ်အားကစားပြိုင်ပွဲ၊ ၁၉၈၈ခုနှစ် တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်မှာကျင်းပခဲ့တဲ့ အိုလံပစ်အားကစားပြိုင်ပွဲတွေ ကျင်းပခဲ့ပြီးနောက် အခု ပေကျင်းအိုလံပစ်ပြိုင်ပွဲဟာ အာရှတိုက်ရဲ့ တတိယမြောက် အိုလံပစ်အားကစားပြိုင်ပွဲ ဖြစ်ပါတယ်။

ဥရောပနဲ့ သမုဒ္ဒရာပိုင်းဇုန်တွေက အားကစားအဖွဲ့ချုပ်တွေ၊ အားကစား ကော်မတီတွေနဲ့ လက်မှတ်ရောင်း အေဂျင်စီတွေကို တိုက်ရိုက်ထိတွေ့ပြီး ရောင်းချစေခဲ့တာမို့ လက်မှတ်ရောင်းချမှု စံချိန်တင် မြင့်မားခဲ့တယ်လို့ ဆိုပါတယ်။

၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပွဲတော်ကျင်းပဖို့ အဓိကအကျဆုံး ဖြစ်တဲ့ အားကစားပြိုင်ပွဲတွေ ကျင်းပပြုလုပ်မယ့် အားကစားရုံ တည်ဆောက်ပြင်ဆင်မှုတွေကိုလဲ အရှိန်အဟုန်မြှင့် ဆောင်ရွက်နေတာမို့ တည်ဆောက်ရေးလုပ်ငန်းတွေ ရာခိုင်နှုန်း ၈၀ကျော် ပြီးစီး

ရှစ်ရုံကတော့ ယာယီ အားကစားရုံ အဆောက်အအုံတွေဖြစ်ပြီး လုပ်ငန်းအားလုံးဟာ ပြီးစီးလုနီးပါး ဖြစ်နေပြီ ဖြစ်ပါတယ်။

ဒီလို အားကစားရုံတွေ ထဲမှာမှ ပေကျင်းအမျိုးသား အားကစားရုံဟာ ၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပွဲတော်ဖွင့်ပွဲ၊ ပိတ်ပွဲကျင်းပဖို့ သတ်မှတ်ထားတာမို့ ခေတ်မီဒီဇိုင်း ပုံစံအသစ်နဲ့ ထူးခြားတဲ့ အဆောက်အအုံ ပုံစံဖြစ်ပါတယ်။ အဲဒီအမျိုးသားအားကစားပြိုင်ပွဲရုံဟာ စတုရန်းမီတာ ၂၅၈၀၀၀ ကျယ်ဝန်းတဲ့ မြေပေါ်မှာ တည်ဆောက်ထား

၈၀ကျော် ပြီးစီးနေပြီ ဖြစ်ပါတယ်။ ဒီပေကျင်း အမျိုးသားရေကူးကန်ဟာ အကျယ်အဝန်း စတုရန်းမီတာ ၆၅၀၀၀ ကျော်ရှိတာမို့ ပရိသတ်အရေအတွက် ၁၇၀၀၀အထိ ဝင်ရောက် ကြည့်ရှုနိုင်အောင် စီစဉ်ထားပါတယ်။ အဲဒီ

ပြိုင်ပွဲကျင်းပရေးကော်မတီနဲ့တရားဝင် ဆွေးနွေးညှိနှိုင်းကြတော့မှာဖြစ်ပါတယ်။

၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲကို တစ်ကမ္ဘာလုံးမှာရှိတဲ့ ပရိသတ် လေးဘီလီယံကျော်တို့ ကြည့်ရှု နိုင်ဖို့အတွက် ၂၀၀၈ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲကျင်းပရေး ကော်မတီက အကောင်းဆုံးဝန်ဆောင်မှုတွေနဲ့ ဖြည့်ဆည်းဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။



၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပြိုင်ပွဲ ဘောလုံးနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပမည့် အားကစားရုံပုံစံကို ဤသို့ တွေ့နိုင်သည်။
(ဓာတ်ပုံ-အင်တာနက်)

တရုတ်နိုင်ငံ ပေကျင်းမြို့တွင် ၂၀၀၈ ပေကျင်း အိုလံပစ်အားကစားပွဲတော်အတွက် တည်ဆောက်ထားသော အားကစားကွင်းတစ်ခုကို ဤသို့ တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

တာမို့ ပွဲကြည့်ပရိသတ် ၉၁၀၀၀ ဆံ့တဲ့ ကမ္ဘာ့စံချိန်မီ ခေတ်မီအားကစားရုံဖြစ်ပါတယ်။

ပေကျင်း အမျိုးသားရေကူးကန်မှာတော့ ဝါတာပိုလို၊ ရေကူး၊ ဒိုင်ဗင်နဲ့ အခြားပြိုင်ပွဲတွေ ကျင်းပသွားမှာ ဖြစ်ပါတယ်။

အားကစားရုံတိုင်းကို ခေတ်မီဆက်သွယ်ရေး ကိရိယာတွေ တပ်ဆင်ထားမှာ ဖြစ်တဲ့အပြင် ရာသီဥတုပြောင်းလဲမှုနဲ့ ကိုက်ညီအောင်လဲ တည်ဆောက်ထားတာမို့ ပြိုင်ပွဲဝင်ကစားသမားတွေနဲ့ အားပေးတဲ့ ပရိသတ်တွေကို အဆင်ပြေအောင် ဆောင်ရွက်ပေးထားပါတယ်။ အားကစားရုံတွေရဲ့ ပတ်ဝန်းကျင်မျက်စိ

ဘောလုံး၊ ကျွမ်းဘား၊ အလေးမ၊ ဟော်ကီ၊ ဂျူဒို၊ ဘော်လီဘော၊ သေနတ်ပစ်စတဲ့ အားကစားပြိုင်ပွဲအမျိုးအစားတွေပါဝင်ပါတယ်။

ဒီအထဲမှာမှ အမျိုးသားတွေပြိုင်ပွဲက ၁၆၅ မျိုးပါဝင်ပြီး အမျိုးသမီးတွေပြိုင်ပွဲက ၁၂၇မျိုး ပါဝင်တဲ့အပြင် အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ

ဒါ့အပြင် ၂၀၀၈ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲကို လာရောက်အားပေးကြမယ့် ကမ္ဘာ့နိုင်ငံအသီးသီးမှ ဧည့်သည်တွေအတွက်လဲ ပေကျင်းမြို့မှာရှိတဲ့ ဟိုတယ်တွေကို အဆင့်မြှင့်ပြင်ဆင်မှုတွေ ပြုလုပ်ထားတဲ့အပြင် လုံလောက်တဲ့ ဟိုတယ်ခန်းတွေ စီစဉ်ပေးထားမှာ ဖြစ်ပါတယ်။

ဒီလို အိုလံပစ် အားကစားပြိုင်ပွဲ ကျင်းပနိုင်ဖို့အတွက် နိုင်ငံတကာ အိုလံပစ်ကော်မတီရဲ့ (၁၁၂) ကြိမ်မြောက်အစည်းအဝေးကို ရုရှားနိုင်ငံ မော်စကိုမြို့မှာ ၂၀၀၁ခုနှစ် ဇူလိုင် ၁၃ရက်က ကျင်းပခဲ့ပြီး အိမ်ရှင်မြို့ကို ရွေးချယ်ခဲ့တဲ့အခါ တိုရွန်တို၊ ပါရီ၊ အိုဆာကာ၊ အစ္စတန်ဘူလ်မြို့ကြီးတွေကို ကျော်ဖြတ်ပြီး ပေကျင်းမြို့ကို ရွေးချယ်ခဲ့ခြင်း ဖြစ်ပါတယ်။

ပြင်ဆင်

ဒါကြောင့် ခက်ခက်ခဲခဲ ရွေးချယ် ကျင်းပခွင့်ရတဲ့ ၂၀၀၈ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲဟာ အရင် အိုလံပစ် အားကစား ပြိုင်ပွဲတွေနဲ့ မတူဘဲ ထူးထူးခြားခြား ဖြစ်အောင် ၂၀၀၈ပေကျင်း အိုလံပစ်ကော်မတီက ကြိုးပမ်းပြင်ဆင်နေပြီ ဖြစ်ပါတယ်။

၂၀၀၈ ပေကျင်း အိုလံပစ်အားကစား ပြိုင်ပွဲကျင်းပရေးကော်မတီဟာ ကမ္ဘာ့အနှံ့ လက်မှတ်တွေရောင်းချတဲ့အခါ နိုင်ငံအသီးသီးမှာရှိတဲ့ အေဂျင်စီတွေ၊ အားကစား အဖွဲ့ချုပ်တွေနဲ့ အပြင် အင်တာနက်က တစ်ဆင့်လဲ ရောင်းချ နေပါတယ်။ တရုတ်အမျိုးသား အိုလံပစ် ကော်မတီကလဲ လက်မှတ်တွေ ရောင်းအားကောင်းအောင် ကူညီဆောင်ရွက် ပံ့ပိုးပေးလျက် ရှိနေပါတယ်။

ဒီလို လက်မှတ်တွေ ရောင်းချတဲ့အခါမှာ အာဖရိက၊ အမေရိက၊ အာရှ၊

နေပြီ ဖြစ်ပါတယ်။ ဒီလိုအားကစားရုံတွေ တည်ဆောက်တဲ့ အခါမှာ အားကစားပြိုင်ပွဲရုံပေါင်း ၁၂ ရုံကို အသစ်တည်ဆောက်ခြင်းဖြစ်ပါတယ်။

ပြီးစီးနေ

အဲဒီ အသစ်တည်ဆောက်တဲ့ အားကစားရုံ ၁၂ ရုံဟာလဲ တည်ဆောက်မှုတွေ ရာခိုင်နှုန်း ၈၀ကျော် ပြီးစီးနေပြီး မွမ်းမံမှုတွေ ပြုလုပ်ဖို့ အဆင့်သာကျန်ရှိပါတော့တယ်။ ကျန်တဲ့အားကစားရုံ ၁၀ရုံကတော့ နဂိုရှိပြီးသား အားကစားရုံတွေကို ပြန်လည်ပြင်ဆင်ခြင်းနဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေ ပြုလုပ်တာဖြစ်ပါတယ်။ နောက်ထပ် အားကစားရုံ

အဲဒီ အမျိုးသားအားကစားရုံမှာတော့ ဘောလုံးနဲ့ပြေးခုန်ပစ်ပြိုင်ပွဲတွေကို စနစ်တကျ ကျင်းပသွားမှာဖြစ်ပြီး ကျန်အားကစားရုံတွေမှာတော့ အခြားအားကစားပြိုင်ပွဲတွေကို အဆင့်အတန်းမီမီ ကျင်းပသွားမှာဖြစ်ပါတယ်။ အားကစားရုံတိုင်းမှာ ခေတ်မီရုပ်မြင်သံကြားစနစ်တွေ တပ်ဆင်ထားတဲ့အပြင် အဆင့်မြင့် လုံခြုံရေးကိရိယာတွေနဲ့ ဗီဒီယိုကင်မရာတွေပါ တပ်ဆင်ထားတာမို့ လိုအပ်ချက်မရှိအောင် ဝန်ဆောင်မှုပေးထားပါတယ်။

ဒါ့အပြင် ခေတ်မီဆန်းသစ်တဲ့ဒီဇိုင်းပုံစံနဲ့ တည်ဆောက်ထားတဲ့ ပေကျင်း အမျိုးသားရေကူးကန်အဆောက်အအုံဟာလဲ တည်ဆောက်မှု ရာခိုင်နှုန်း



၂၀၀၈ ပေကျင်း အိုလံပစ် အားကစားရွာ တစ်စိတ်တစ်ဒေသ။
(ဓာတ်ပုံ-အင်တာနက်)



၂၀၀၈ ပေကျင်း အိုလံပစ် အမျိုးသားရေကူးကန် အားကစားရုံမြင်ကွင်း။
(ဓာတ်ပုံ-အင်တာနက်)

ပသာဒဖြစ်အောင် ပြုပြင်တဲ့ လုပ်ငန်းကိုလဲ ကမ္ဘာ့နိုင်ငံပေါင်း ၉၀ မှ လုပ်ငန်းရှင်တွေ ပါဝင်လုပ်ဆောင်ခဲ့ကြတာဟာ လုပ်ငန်းစီမံကိန်းပေါင်း ၂၉၀ နီးပါးရှိပါတယ်။

ဒါ့အပြင် ၂၀၀၈ ပေကျင်း အိုလံပစ် အားကစားပွဲတော် ဆုတံဆိပ် အရုပ်တွေကိုလဲ ရွှေ၊ ငွေ၊ ကြေးတွေနဲ့ပြုလုပ်ထားပြီး ပေကျင်းမြို့မှာ မကြာမီ အကြို ခင်းကျင်းပြသပါလိမ့်မယ်။

သတ်မှတ်

၂၀၀၈ ပေကျင်းအိုလံပစ် အားကစားပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ရမယ့် အားကစားအမျိုးအစားပေါင်း ၂၈ မျိုး သတ်မှတ်ထားပါတယ်။ ပြေးခုန်ပစ်၊ ဘက်မင်တန်၊ ဘေ့စ်ဘော၊ဘတ်စကက်ဘော၊ လက်ဝှေ့၊ ကနူကယက်၊စက်ဘီး၊

အားကစားပြိုင်ပွဲက ၁၀မျိုး ပါဝင်တာမို့ စုစုပေါင်း အားကစားပြိုင်ပွဲ အမျိုးအစား ၃၀၂မျိုး ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

ရုပ်/သံလွှင့်မှု

၂၀၀၈ ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲကို တစ်ကမ္ဘာလုံး ရုပ်မြင်သံကြားလွှင့်ထုတ်ဖို့အတွက် နိုင်ငံတကာ ရုပ်မြင်သံကြား ထုတ်လွှင့်မယ့် ကုမ္ပဏီပေါင်း ၂၀၀ ကျော်တို့က ရုပ်သံလွှင့်မှုနဲ့ ပတ်သက်ပြီး လာမယ့်သီတင်းပတ်မှာ ၂၀၀၈ ပေကျင်း အိုလံပစ်အားကစား

သင်ကြား

သယ်ယူပို့ဆောင်ရေးအတွက်လဲ ယာဉ်မောင်းတွေကို အခြေခံအင်္ဂလိပ်စကားပြောတတ်အောင် လေ့ကျင့်ပေးထားတဲ့အပြင် ယဉ်ကျေးမှုဆိုင်ရာ အမျိုးသားပြတိုက်နဲ့ အခြားစိတ်ဝင်စားဖွယ် နေရာတွေမှာရှိတဲ့ ဝန်ထမ်းတွေကိုလဲ ဧည့်သည်တွေ လာရောက်လေ့လာကြည့်ရှုတဲ့အခါမှာ နားလည်အောင် ရှင်းပြတတ်စေဖို့ အင်္ဂလိပ်စကားပြောတွေ သင်ကြားပေးနေပြီ ဖြစ်ပါတယ်။

စီစဉ်ဆောင်ရွက်ထား

ဒါ့အပြင် လေဆိပ်၊ မီးရထားဘူတာရုံနဲ့ သင်္ဘောဆိပ်တွေမှာလဲ နိုင်ငံခြားဘာသာစကား ပြောတတ်တဲ့ဝန်ထမ်းတွေထားရှိပြီး ဧည့်သည်တွေကို အဆင်ပြေအောင် အတတ်နိုင်ဆုံး ဝန်ဆောင်မှုပေးနိုင်အောင်လဲ စီစဉ်ဆောင်ရွက်ထားပါတယ်။

၂၀၀၈ ပေကျင်း အိုလံပစ် အားကစားပြိုင်ပွဲ ကျင်းပဖို့ တစ်နှစ်လောက်ပဲ လိုတော့တဲ့အချိန်မှာ တည်ဆောက်မှုတွေ၊ ပြင်ဆင်မှုတွေ၊ အပြီးသတ် မွမ်းမံမှုတွေ အရှိန်အဟုန်နဲ့ ပြုလုပ်နေတာမို့ မကြာခင်အချိန်အတွင်း အပြီးသတ်နိုင်တော့မှာ ဖြစ်တဲ့ အကြောင်း တင်ပြလိုက်ရပါတယ်။ ။

(ကိုးကား-အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အသင်းကြီးတွေ ရုန်းကန်ကျော်ဖြတ်ရမယ့် ပရီမီယာလိဂ်ပွဲစဉ်(၈)

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၂၇

ပရိသတ်တွေအကြိုက် ပရီမီယာလိဂ်ပွဲစဉ်(၈)ကို စက်တင်ဘာ ၂၉ရက်မှာ ဆက်လက်ကစားမှာဖြစ်ပါတယ်။ ပွဲစဉ်(၈)မှာ မန်ယူက ဘာမင်ဂမ်နဲ့ အဝေးကွင်းမှာ ကစားရမှာဖြစ်လို့ အခက်အခဲ သိပ်မရှိပေမယ့် ချယ်လ်ဆီးက အိမ်ကွင်းမှာ မနှစ်က နှစ်ဂိုးစီသရေကျထားတဲ့ ဖူလ်ဟမ်နဲ့ဆုံတွေ့ရမှာမို့ ပွဲကျပ်အဖြစ် ဖြတ်သန်းရဦးမှာပါပဲ။ လီဗာပူးက အဝေးကွင်းမှာ ဝီဂန်နဲ့ကစားရမှာဆိုတော့ အနိုင်ရအောင် ကြိုးစားနိုင်မှာမို့ ဒီတစ်ပတ်ပရီမီယာလိဂ်ပွဲတွေရဲ့ ရလဒ်ကလည်း မမျှော်လင့်တာတွေ ဖြစ်လာနိုင်ပြန်ပါတယ်။

ဘာမင်ဂမ်နှင့် မန်ယူ

ပွဲစဉ်(၇)မှာ လီဗာပူးကို ဂိုးမရှိသရေကစားခဲ့တဲ့ ဘာမင်ဂမ်ရဲ့ခြေစွမ်းကို ဖာဂူဆန်သတိပြုရလိမ့်မယ်။ ဒီနှစ်မှာ ခြေမှန်နေပြီး ပရီမီယာလိဂ်ဖလားကို တောင်မှန်းနေတဲ့ လီဗာပူးကိုအိမ်ကွင်းမှာတောင် တစ်ဂိုးမှ အသွင်းမခံရဘဲ ခံကစားသွားတဲ့ ဘာမင်ဂမ်ခြေစွမ်းကလည်း လျှော့တွက်လို့ မရပါဘူး။ ဘာမင်ဂမ်ရဲ့ ခံစစ်က သပ်ရပ်သလို ဂိုးသမား တေလာ ကလည်း လက်စွမ်းပြနေတာကြောင့် မန်ယူတို့ အမာခံ ဘောလုံးသမားတွေ အကုန်ထုတ်သုံးမှ ရပါလိမ့်မယ်။

မန်ယူမှာ အခုဆိုရင် လူစုံကစားနိုင်နေပြီဖြစ်လို့ စနစ်တကျနဲ့ဖာဂူဆန် အခင်းအကျင်း အစီအမံကောင်းရင်တော့ ဘာမင်ဂမ်အသင်းကို အနိုင်မရနိုင်စရာမရှိပါဘူး။ တိုက်စစ်မှူးတီဗက်ဇ် လည်းပရီမီယာလိဂ်မှာ ဂိုးဈေးဦးပေါက်သွားပြီမို့ မန်ယူရဲ့ဂိုးသွင်းအား တက်နေပါပြီ။ ပရီမီယာလိဂ်ဖလားကိုကာကွယ်ဖို့ ရောင်ခြည်တွေသန်းနေတဲ့ အခြေအနေမို့ မန်ယူတို့ ပွဲတိုင်း ရလဒ်ကောင်းကောင်း ကစားတော့မှာ ဖြစ်ပါတယ်။ မန်ယူတို့ သုံးမှတ်အပြည့် ရယူမယ့် ပွဲပါပဲ။

ချယ်လ်ဆီးနှင့် ဖူလ်ဟမ်

နည်းပြသစ်ဂရန့်နဲ့ စခန်းသွားနေရတဲ့ ချယ်လ်ဆီးဟာ အခုအိမ်ကွင်းမှာ ဖူလ်ဟမ်နဲ့ ရင်ဆိုင်ရပါလိမ့်မယ်။ မနှစ်ကချယ်လ်ဆီးအိမ်ကွင်းမှာ ဖူလ်ဟမ်တို့နှစ်ဂိုးစီသရေကစားထားတာမို့ မော်ရင်ဟိုမရှိတဲ့ ချယ်လ်ဆီးကို ဖူလ်ဟမ်တို့ အနိမ့်ဆုံး သရေရလဒ်မှန်းပြီး ကစားပါလိမ့်မယ်။

ချယ်လ်ဆီးမှာ ဝိန်းဘရစ်နဲ့ ဘောလက်တို့ ဒဏ်ရာရနေပြီး မီခေးလ်က ပွဲပယ် ပြစ်ဒဏ်ခံနေရလို့ ကျန်လူတွေနဲ့ ပွဲထွက်လာပါမယ်။ လမ်းပတ်၊ ဒရော့ဘာတို့ ပြန်ကစားနိုင်ရင်တော့ ချယ်လ်ဆီးတို့ အခြေအနေကောင်းနိုင်ပါတယ်။ စိတ်ဓာတ် ပျက်ပြားနေတဲ့ ချယ်လ်ဆီးကို နိုင်ပွဲပျောက်နေတဲ့ ဖူလ်ဟမ်တို့က အသုံးချနိုင်ပါ့မလား ဆိုတာလဲ စဉ်းစားစရာပါပဲ။ အကြိုက်က ချယ်လ်ဆီးဆိုပေမယ့် သရေပွဲလည်း ဖြစ်သွားနိုင်တဲ့ အနေအထား ရှိနေပါတယ်။

ဝီဂန်နှင့် လီဗာပူး

ဘာမင်ဂမ်ကို ပွဲစဉ်(၇)မှာ ဂိုးမရှိသရေကစားလိုက်တဲ့ လီဗာပူးခြေစွမ်းကိုကြည့်ပြီး ဝီဂန်တို့အနိုင်ရလိမ့်မယ်လို့ ထင်မှတ်လို့ မရနိုင်ပါဘူး၊ လီဗာပူးဟာ ဒီနှစ်မှာ ရည်မှန်းချက်ကြီးတာမို့ ဒီပွဲမှာတော့ အဝေးကွင်းဖြစ်ပေမယ့် အနိုင်ကစားပါလိမ့်မယ်။ အဝေးကွင်းမှာ ဝီဂန်နဲ့ဆုံတိုင်း လီဗာပူးတို့ နိုင်ပွဲချည်း ရရှိထားတဲ့ မှတ်တမ်းရှိပါတယ်။ ဝီဂန်မှာ ဗိုရာအူဆန်၊ ဟက်စကီးနဲ့ လန်းဇတ်တို့ ဒဏ်ရာရနေလို့ အားနည်းချက်တော့ ရှိနေပါတယ်။ လီဗာပူးမှာ အလွန်ဆိုနဲ့ အဂ္ဂတို့ ဒဏ်ရာရပေမယ့် ဒီပွဲမှာ လူကုန်ထုတ်ပြီး လီဗာပူးတို့ အနိုင်ကစားပါလိမ့်မယ်။

မန်စီးတီးနဲ့ နယူးကာဆယ်

မန်စီးတီးဟာ အိမ်ကွင်းမှာတော့ နယူးကာဆယ်ကို အနိုင်ကစားခဲ့တာ များပါတယ်။ အခုပွဲအတွက် မန်စီးတီးမှာ စတားရစ်နဲ့ ဘိုဂျီနော့ဗ်တို့ ဒဏ်ရာရရှိနေပေမယ့် အိမ်ကွင်းအားကောင်းတဲ့ မန်စီးတီးတို့ ဟန်ချက်မပျက်သွားနိုင်ပါဘူး။ အဲရစ်ဆင်ဟာ နယူးကာဆယ်နဲ့ပွဲမှာ သုံးမှတ်အပြည့်ယူဖို့ အာရုံစိုက်စီစဉ်မှာမို့ နယူးကာဆယ်တို့ အမြင့်ဆုံးမျှော်မှန်းရင်လည်းသရေပွဲလောက်ပဲ ရှိမှာပါ။

ပို့စ်မောက်နှင့် ရက်ဒင်း

ပို့စ်မောက်နဲ့ ဆုံတိုင်း ရက်ဒင်းတို့ အနိုင်မကစားနိုင်ပါဘူး။ ဒါပေမယ့် ပို့စ်မောက်တို့ကလည်း တစ်ခါမှ ဂိုးပြတ်သွင်း အနိုင်မယူနိုင်ခဲ့တာလည်း ရှိနေပါတယ်။ ဒီပွဲမှာရက်ဒင်းတို့ကရော်ဘင်ဆင်၊ လီတာနဲ့ အော်စတာတို့ ဒဏ်ရာရနေတာကြောင့် အသင်းလိုက် ကစားအားတော့ ပျော့နေမှာပါ။ ပို့စ်မောက်မှာ ကနူးနဲ့ အူကာတာတို့က အတွဲညီတာကြောင့် ဂိုးတွေရသွားနိုင်ပါတယ်။ နှစ်သက်တာကတော့ ပို့စ်မောက်ပါပဲ။

ဝက်စ်ဟမ်းနှင့် အာဆင်နယ်

အာဆင်နယ်ကို ဝက်စ်ဟမ်းတို့က ဒုက္ခအမြဲပေးနေကျမို့ အခုပွဲ အာဆင်နယ်တို့ ဖိဖိစီးစီးကစားရပါလိမ့်မယ်။ ပြီးခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် အာဆင်နယ်တို့ တစ်ပွဲပဲ ပွတ်ကာသီကာ အနိုင်ရထားတာဆိုတော့ အာစင်ဝင်းဂါးရဲ့ ချာတိတ်တွေ ဘယ်လိုရလဒ်တွေဆောင်ကြဉ်းနိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဒီပွဲအတွက် အာဆင်နယ်မှာ ရိုဆစ်စကီး၊ ဂါးလက်စ်နဲ့ အီဘူယေးတို့ ဒဏ်ရာ ရနေပေမယ့် အရှန်လူ တောင့်တင်းနေတဲ့ အာဆင်နယ်ကို ဝက်စ်ဟမ်းတို့ အရင်လို အနိုင်ယူဖို့ မလွယ်ပါဘူး။ အာဆင်နယ်ကိုပဲအားပေးချင်ပါတယ်။

မန်ယူတိုက်စစ်မှူး တီဗက်ဇ် ဂိုးသွင်းပေးနိုင်မလား။
(ဓာတ်ပုံ-အင်တာနက်)

ဆန်းဒါးလန်းနှင့် ဘလက်ဘန်း

ဒီပွဲကတော့ တစ်ဦးချင်းရော၊ အသင်းလိုက်ပါ ဘလက်ဘန်းက သာပါတယ်။ ဘလက်ဘန်းမှာ နယ်လ်ဆင်နဲ့ ဘာနာတို့ ဒဏ်ရာရထားပေမယ့် ပြဿနာမရှိပါဘူး။ ရောဘတ်၊ ဒါဘီရှိုင်းယားတို့က တိုက်စစ်အား ကောင်းသလို ကွင်းလယ်မှာဒေးဗစ်ဒန်းနဲ့ဆာဗေ့ချ်တို့အုပ်စုကလည်း တစ်ကွင်းလုံးလိုက်ပြီး ကစားနိုင်ကြသူတွေပါ။ ဒီပွဲအတွက် ဆန်းဒါးလန်းမှာလည်း အင်ဒီကိုးလ်၊ ဖော်ဂါ၊ ရစ်ချတ်ဆင်၊ ဒင်းဂိုက်ဟတ်နဲ့ အက်ဒဝပ်တို့က ဒဏ်ရာတွေရနေလို့ ပါဝင်ကစားဖို့ မသေချာပါဘူး။ ဒီပွဲရလဒ်ကတော့ ဘလက်ဘန်းတို့ပဲ အောင်ပွဲဆင်ပါလိမ့်မယ်။

ဒါဘီနှင့် ဘော်လ်တန်

တန်းစီဇယားအောက်ဆုံးမှာရှိနေတဲ့ဒါဘီကို ဘော်လ်တန်တို့ပေ့ါပေ့ါ ဆဆကစားရင်တော့ မှားသွားပါလိမ့်မယ်။ ဒါဘီဟာ ခြေအရောင်အသွေးမရှိတဲ့ အသင်းဆိုပေမယ့် ပို့စ်မောက်ကို နှစ်ဂိုးစီသရေကစားပြီးနယူးကာဆယ်ကိုအနိုင်ကစားထားတဲ့ ခြေစွမ်းရှိနေတာမို့ သတိထားရပါလိမ့်မယ်။ အနယ်ကာတို့အုပ်စု ခြေပေါ်ရင်တော့ ဂိုးတွေရနိုင်ပါတယ်။အကြိုက်ကတော့ ဘော်လ်တန်ပါပဲ။ ။

(ကိုးကား-အင်တာနက်)

ကမ္ဘာ့ဖလားအမျိုးသမီးဘောလုံးပြိုင်ပွဲ လက်ရှိချန်ပီယံ ဂျာမနီအသင်း ဗိုလ်လုပွဲတက်ရောက်

ဘာလင် စက်တင်ဘာ ၂၇

ကမ္ဘာ့ဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ကစားလျက်ရှိရာ ဂျာမနီအမျိုးသမီး ဘောလုံးအသင်းသည် နော်ဝေအမျိုးသမီးဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိ ဖြင့်နိုင်ပြီး ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သည်။

ဖန်တီးနိုင်ခဲ့

နော်ဝေအမျိုးသမီးဘောလုံးအသင်းသည် ၁၉၉၅ခုနှစ်ကတည်းက ပထမဆုံးအကြိမ် ဗိုလ်လုပွဲသို့ တက်လှမ်းရန် ကြိုးစားခဲ့ကြသည်။ နော်ဝေအသင်းက ပထမပိုင်းတွင် ခြေစွမ်းပြကစားနိုင်ပြီး အနီးကပ်ဂိုးသွင်းခွင့်များ ဖန်တီးနိုင်ခဲ့ကြသည်။

သို့ရာတွင် လက်ရှိချန်ပီယံ ဂျာမနီအမျိုးသမီးဘောလုံးအသင်းသည် ပွဲချိန် ၄၂မိနစ်တွင် နော်ဝေအမျိုးသမီးအသင်းမှ ရိုနင်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိ၍ လက်ဆောင်ဂိုး စတင်ရရှိခဲ့သည်။

ခြေစွမ်းကျ

ယင်းဂိုးကြောင့် နော်ဝေအသင်း ခြေစွမ်းကျလာပြီး ဂျာမနီအသင်းက တရစပ်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၇၂မိနစ်နှင့် ၇၅မိနစ်တို့တွင် နှစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။

ဂျာမနီအမျိုးသမီးဘောလုံးအသင်းသည် ဗိုလ်လုပွဲတွင် အမေရိကန် သို့မဟုတ် ဘရာဇီးအမျိုးသမီး အသင်းနှင့် ကစားရမည်ဖြစ်သည်။ **(အင်တာနက်)**

အောင်ပွဲခံ

ကမ္ဘာ့ဖလား အမျိုးသမီး ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲတွင် နော်ဝေ အမျိုးသမီး ဘောလုံးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး အောင်ပွဲခံနေကြသော ဂျာမနီ အမျိုးသမီးအသင်းသူများ။
(ဓာတ်ပုံ-အင်တာနက်)

စုစည်းတင်ပြသူ မြင့်မောင်စိုး

ကားလင်းဖလား မန်ယူရှုံးပွဲကြီး

လန်ဒန် စက်တင်ဘာ ၂၇

ပရီမီယာလိဂ်ချန်ပီယံ မန်ချက်စတာယူနိုက်တက်အသင်းသည် စက်တင်ဘာ ၂၆ရက်က ဒုတိယတန်းမှ ကိုဗင်ထရီစီးတီးအသင်းနှင့် ကားလင်းဖလားပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူတို့ နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရသည်။

ပထမဆုံးနိုင်ပွဲ

လက်ရှိချန်ပီယံချယ်လ်ဆီးအသင်းသည် ဟူးလ်စီးတီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းမှာ ချယ်လ်ဆီးတို့ နည်းပြသစ်ဂရန့်လက်ထက်၌ ပထမဆုံးနိုင်ပွဲရရှိခြင်း ဖြစ်သည်။

သုံးဂိုးပြတ်

မာတင်အိုနေးလ်၏ အက်စ်တွန်ဗီလာအသင်းသည် အိမ်ကွင်း၌ လီဆက်စတာစီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ အဲဗာတန်က ရက်ဖီးအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ **(အင်တာနက်)**

အီတလီစီးရီးအေ၌ အင်တာမီလန် ထိပ်ဆုံးရောက်

မီလန် စက်တင်ဘာ ၂၇

အီတလီစီးရီးအေပွဲစဉ်များကို စက်တင်ဘာ ၂၆ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းသည် ပါလာမို အိမ်ကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ အင်တာမီလန်အသင်းသည် ဆမ်ဒိုးရီးယားကို သုံးဂိုးပြတ်ဖြင့်နိုင်ပြီး အမှတ်ပေးဇယားထိပ်ဆုံးသို့ ရောက်ရှိလာသည်။

ရိုးမားအသင်းက ဒဏ်ရာရနေသော တော့တီမပါ၍ ဖီအိုရင်တီးနားကို တစ်ဖက်နှစ်ဂိုးစီသာ သရေကစားနိုင်ခဲ့သည်။ ဂျူဗင်းတပ်စ်က ရက်ဂျီးနားကို လေးဂိုးပြတ်ကစားခဲ့သည်။ (အင်တာနက်)

စပိန်လာလီဂါပွဲစဉ်များယှဉ်ပြိုင်၊ မက်ဆီ ဘာစီလိုနာအတွက်နှစ်ဂိုးသွင်းယူ

မက်ဒရစ် စက်တင်ဘာ ၂၇

စပိန်လာလီဂါဘောလုံးပွဲစဉ်များကို စက်တင်ဘာ ၂၆ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်းနှင့် ရီးရဲဇာရာဂိုဇာအသင်းတို့ ယှဉ်ပြိုင်ခဲ့သည့်ပွဲ၌ မက်ဆီက ဘာစီလိုနာအသင်းအတွက် နှစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ခြေစွမ်းပြလာ

ယင်းပွဲတွင် ဘာစီလိုနာအသင်းက ဇာရာဂိုဇာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းပွဲ၌ မက်ဆီသည် ၁၁မိနစ်အတွင်း နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ ၎င်းသည် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဖြစ်လာနိုင်လောက်အောင် ဘာစီလိုနာအသင်း၌ ခြေစွမ်းပြလာသည်။ **(အင်တာနက်)**

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ
လွင်မြင့်အောင် မြင်းခွာရွက်ဆေးရည်
စိတ်ဖိစီးမှုလျော့ပါးစေရန်၊ ဆီးရောဂါများကုသရန်၊ ခွန်အားသစ်ကိုဖြစ်ထွန်းစေရန်၊ မှတ်ဉာဏ်ကောင်းမွန်စေရန်၊ အရွယ်တင်နုပျိုစေရန် သောက်သုံးနိုင်ပါသည်။
Lwin Myint Aung Industrial Co.,Ltd. အမှတ်(၁၃၀ /၇)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၄၈၈၇၄၊
Certificate TH06/0850.1QM

အမည်ပြောင်း

ဦးအောင်ဇော်ဝင်း၏သား ပင်လုံမြို့ အထကခွဲ(၁) ဒုတိယတန်း(ခ)မှ မောင်နေဇော်အား မောင်တည်ခန့်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်တည်ခန့်ဇော်
ဒုတိယတန်း(ခ)ပင်လုံမြို့။

အမည်မှန်

သုံးခွမြို့ လက်ပန်ချောင်ကျေးရွာနေ အဖ ဦးအေးမောင်၏သား အမှတ် ၁၂/သခန(နိုင်)၀၂၃၇၆၇ ကိုင်ဆောင်ထားသူ ဦးတင့်ဖိုလ်၏ အမည်မှန်မှာ ဦးဖိုလ်တင့် ဖြစ်ပါကြောင်း။

ဦးဖိုလ်တင့်။

မူးယစ်ကိုပစ် ပန်းတိုင်သစ် စိတ်သစ်လူသစ် ဘဝသစ်

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

အရည်အသွေးကောင်း ဂုန်လျှော်၊ ချည်ပေါင်လျှော်ပင်များ ထွက်ရှိရေး နှိုးဆော်ချက်

ယခုအခါ ဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး မိုးကြိုဂုန်လျှော်၊ ချည်ပေါင်လျှော်များ စတင်ခုတ်သိမ်းနေပြီဖြစ်၍ အရည်အသွေးကောင်းနှင့် အထွက်နှုန်းကောင်း လျှော်များရရှိစေရန်၊ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

၁။ အရည်အသွေးကောင်းပြီး အထွက်နှုန်းမြင့်မားစေရန် သီးကင်းဝင်စအချိန်တွင် ခုတ်သိမ်းပြီး လျှော်ပင်များကို အရွက်ကြွေစေရန် ကွင်းထဲတွင် အရိုးပေါ်အရွက်ဖုံးထပ်၍ ၃၊ ၄ ရက် အုပ်ထားပါ။

၂။ လျှော်စိမ်ရာတွင် ရေအနက်အနည်းဆုံး ၄ ပေရှိပြီး ဖြည်းညင်းစွာစီးဆင်းနေသော ရေတွင်တစ်လွှာချင်းဖောင်ဖွဲ့၍ ရေစိမ်ပါ။ လျှော်ဖောင်အောက်ဆုံးအလွှာကို မြေနှင့်မထိအောင်နှင့် အပေါ်ဆုံးအလွှာကို ရေတွင်ပေါ်မနေစေရန်ဂရုပြုပြီး လျှော်အမျိုးအစားကောင်းရန် ရေကြည်ရေသန့်တွင် ရေစိမ်ပါ။

၃။ လျှော်ဖောင်ဖိရာတွင် စွန်းထင်းပျက်စီးစေနိုင်သည့် အစေးထွက်သောတုံးများမသုံးစွဲဘဲ သစ်သားတုံး၊ ဝါး စသည်တို့ဖြင့် ဖိထားပါ။

၄။ ရေစိမ်ရက် မလိုစေရန်နှင့် မလွန်စေရန် ဂရုပြုပါ။ ရေစိမ်ပြီး ရက်သတ္တတစ်ပတ်ကြာမှစ၍ နေ့စဉ်လျှော်ဖောင်အား နူး၊ မနူးစမ်းသပ်၍ လျှော်နူးပါက ချက်ချင်းခွာယူပါ။

၅။ ခွာယူပြီးလျှော်များကို လေသလပ်မခံဘဲ အခွံအခေါက်နှင့် အမှိုက်သရိုက်များ ကင်းစင်အောင် ရေကြည်တွင် ဆေးကြော၍ တန်းတင် အခြောက်လှန်းပါ။

၆။ ကောင်းစွာခြောက်သွေ့သော လျှော်များကို အတန်းအစားခွဲ စည်းထုံး၍ နီးစပ်ရာ အဝယ်စခန်းများတွင် ရောင်းချပါ။

၇။ ချည်ပေါင်အစိမ်း ခွာခြောက် ထုတ်လုပ်မည်ဆိုပါက ခုတ်သိမ်းပြီးလျှင်ပြီးချင်း ဆောလျင်စွာခွာယူပါ။ မခွာယူနိုင်သေးပါက အစည်းလိုက်ထောင်ထားပါ။

၈။ နည်းပညာနှင့်အကူအညီ ရယူလိုပါက နီးစပ်ရာ မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း၊ ဂုန်လျှော်နှင့် လျှော်မျှင်များလုပ်ငန်းဌာန ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာ့အေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်ရန် အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၁၀)ရပ်ကွက် ကန်ရိပ်သာလမ်း ၂၂/ဘီနေ ဒေါ်ခင်ခင်ကြည်သည် (၈၄)နှစ်မြောက် မွေးနေ့မြတ်ဒါနအဖြစ် အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် အလှည့်ကျသဘာပတိ ဦးစောကြိုင်နှင့် ဦးစိန်ဦးတို့က လက်ခံယူစဉ်။

(က-ပ)

ရန်ကင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)၏ မိဘဆရာအသင်း သင်းလုံးကျွတ်အစည်းအဝေးနှင့်တက္ကသိုလ်ဝင်တန်း ထူးချွန်သူများပညာရည်ချွန်ဆုပေးအပ်ပွဲကို စက်တင်ဘာ ၂ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်အေးမြို့က ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မချယ်ရီပန်းအောင်အား ဆုချီးမြှင့်စဉ်။
(က-ပ)

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ဆီးချိုရောဂါကာကွယ်ထိန်းချုပ်ရေး အိုမီဂါ-၃ အက်စစ်အသုံးဝင်

အကျိုးပြုဓာတ်များပါဝင်သည့် ငါးနှင့်အခြားသော အိုမီဂါ-၃ အဆီများသည် အက်စစ်ဓာတ်ပါ အစားအစာများက ဆီးချိုရောဂါဖြစ်ဖူးသော မိသားစုမှ ကလေးများအား ဆီးရောဂါမဖြစ်အောင် တားဆီးနိုင်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ကိုယ်ခံစွမ်းအား

ဆီးချိုရောဂါအုပ်စု-၁ သည် ကလေးသူငယ်များတွင် အဖြစ်တတ်ဆုံးသော ဆီးချိုရောဂါဖြစ်သည်။ ကိုယ်ခံစွမ်းအားစနစ်အသုံးပြု၍မရအောင် ပျက်စီးစေပြီးနောက် ပန်ကရိယအိတ်အတွင်းရှိ အင်ဆူလင်ထုတ်ပေးသည့် ကလာပ်စည်းများကို စတင်တိုက်ခိုက်သောအခါ အမှတ်(၁)ရောဂါ အမျိုးအစားဖြစ်သည့် ဆီးချိုရောဂါအုပ်စု(၁)ပေါ်ပေါက်လာသည်။

ထုတ်ပြန်

ထိုသို့ ဆီးချိုရောဂါအုပ်စု(၁) ပေါ်ပေါက်လာခြင်းကို ၁၉၉၄ခုနှစ်မှ ၂၀၀၆ ခုနှစ်အတွင်း မျိုးရိုးဗီဇအရ ဆီးချိုဖြစ်နိုင်သည့် ကလေး ၁၇၇၀အား ကော်လိုရာဒိုတက္ကသိုလ်မှ သုတေသနအဖွဲ့က လေ့လာစစ်တမ်းထုတ်ပြီး အထက်ပါအတိုင်း အစီရင်ခံစာထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

၁၉၄သန်း

ယခုအခါ ကမ္ဘာတစ်ဝန်းဆီးချိုရောဂါရှင် ၁၉၄သန်းရှိရာ ၂၀၂၅ခုနှစ်တွင် သန်း ၃၀၀ ကျော်ရှိလာမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထားသည်။



မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်ပါ ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြန်အောင်မြို့နယ် အင်ပင်-လက်ပံကွင်း-ညောင်ခြေထောက် ကျေးလက်လမ်းပေါ်ရှိ ဖောက်ချောင်းတံတားပြင်ဆင်မှုလုပ်ငန်းကို တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်း ဩဂုတ် ၃၀ရက်က ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့မဈေးအတွင်း အိုင်အိုဒင်းဆားစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၂၇

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများတွင် စည်ပင်သာယာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ဈေးဆိုင်များတွင် အိုင်အိုဒင်းဆား ပါဝင်မှုကို ကွင်းဆင်းစစ်ဆေးလျက်ရှိရာ စက်တင်ဘာ ၇ရက်က စည်ပင်ကျန်းမာရေးမှူး ဦးတင်ဝင်းလှိုင်၊ ဒုတိယဦးစီးမှူး (ဈေး) ဦးမျိုးတင့်၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့မဈေးအတွင်းရှိ ဆားရောင်းချသောဆိုင် ၆၄ဆိုင်တွင် ဆားများတွင် အိုင်အိုဒင်းပါဝင်မှု ရာခိုင်နှုန်းများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် (နှစ်)ဦးထက် ပိုမိုစီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး
ကြီးကြပ်မှုကော်မတီ။

မြို့ပြလေထုညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင်အလှ

ငယ်ငယ်က တောမှာနေဖူးသည်။ ဂျပန်အဝင်(၁၉၄၂)ခုနှစ်၊ ဂျပန်အထွက်(၁၉၄၅)ခုနှစ် မြို့အရှေ့ဘက် ကျော်လုရွာ၌ စစ်ကိုရှောင်ရသည်။ သောင်းကျန်းသူခေတ် (၁၉၅၀)ပြည့်တွင်လည်း စစ်ပြေးဘဝနှင့် ကြုံရပြန်သည်။ ကင်းပွန်ခြုံ၊ သပြေတန်း၊ သာယာကုန်း၊ ငါးခေါင်းအင်းရွာများသို့ စစ်ကိုအဆင့်ဆင့် ရှောင်ပြေးရသည်။ လယ်ကွင်းများ တောတောင်ရေမြေတို့နှင့်အတူ စစ်၏ခါးသီးသော အတွေ့အကြုံများကို တွေ့ခဲ့ရသည်။

သို့သော် အလေးအနက်မထားနိုင်ဘဲ ကျေးရွာသားများနှင့်အတူ တောသဘာဝအလိုက် နေခဲ့ရသည်။ ငါးမျှားသည်။ ငါးပက်သည်။ မန်ကျည်းပင်ပေါ်တက်၍ မန်ကျည်းရွက်နုများခူးသည်။ အင်းထဲဆင်း၍ ကန်စွန်းရွက်ခူးသည်။ မျှော့တွယ်သည်ကို ဂရုမထား၊ ရွှံ့ဆိုတာလည်း ဂရုမစိုက်၊ ဗွက်ထဲနင်းသည်။ ဗွက်ထဲမှာ လမ်းလျှောက်သည်။ မိုးရွာထဲမှာ လမ်းလျှောက်သည်။ နွားရိုင်းသွင်းချိန်တွင် နွားအုပ်နှင့်အတူ တထောင်းထောင်းထနေသော ဖုန်လုံးထဲတွင်သွားသည်။ ဖုန်ထု၏ အန္တရာယ်ကိုမသိ။ မမြင်ရသော ရောဂါပိုးမွှားများကိုလည်း ကြောက်ရမှန်းမသိ။

တောရွာများသို့ မကြာခဏရောက်ရသဖြင့် တောသဘာဝ တောအလှကို မြတ်နိုးသည်။ ကျယ်ပြန့်သောကွင်းပြင်တွင် လေတဝရှူရှိုက်ရသည်ကို အားရသည်။ ကွင်းထဲတွင် ပြေးလွှားကစားရသည်များ၊ ငါးရှဉ့်ဖမ်းရသည်များ၊ ငါးပက်ရသည်များကို ပျော်မွေ့သည်။ ငါးရှဉ့်ရလျှင် ကိုယ့်ဘာသာကိုယ်မီးဖုတ်စားသည်။ အိုင်ပက်၍ ငါးဝေစုရလာလျှင် အိမ်ကိုပေးသည်။ ငါးပြေမ၊ ငါးခူများ အင်းထဲမှ မျှား၍ရလျှင် ပျော်သည်။ ဟင်းစားရသည်။

မိတ္ထီလာမြို့ကို စရောက်တော့ (၁၉၆၁)ခုနှစ်၊ သည်မြို့ကား ဖုန်ပေါသည်။ ကန်တော်ရိပ်ကြောင့်သာယာသည်။ စတင်တာဝန်ထမ်းရသည့်တပ်က မြို့နှင့် ၁၂ မိုင်ခန့်ဝေးသည်။ ပတ်လည်တွင် ဆည်ကလေးများ၊ ကန်ကလေးများရှိ၍ "ကန်ကြားတပ်"ဟု ခေါ်သည်။ ကန်တွင် ဟင်္သာတို့မြူးထူးသည်။ တပ်ပတ်လည် ပဒုမ္မာပင်၊ ရှားစောင်းပင်များတွင် ချိုးငှက်တို့နေခိုသည်။ အညာဒေသတွင် ကျဲကျဲသာပေါက်သော သစ်ပင်အုပ်ထက်၌ ဇီးကွက်များလည်းရှိသည်။ တပ်ထဲတွင် မြွေပွေးတွင်း များစွာရှိသည်။ မြွေပွေး၊ မြွေဟောက်များပေါသည်။ ပတတ်များပေါသည်။ ဖွတ်များရှိသည်။ အိုင်ထဲတွင် ကဏန်းများ၊ ရေမြွေများပေါသည်။ တပ်ထဲတွင် မြွေပွေးခဏခဏကိုက်၍ မြွေပွေးတင်မောင်၊ သေက်တင်မောင်၊ အမေ့သားတင်မောင်၊ ငရဲသားတင်မောင်ဟူ၍ ရဲဘော်လေးဦးပင်ရှိသည်။ အနီ မြွေပွေးများသည် ခြင်ထောင်ပေါ်မှာလည်း တွေ့ရသည်။ စစ်ဖိနပ်အတွင်းကိုလည်း ဝင်သည်။ မြွေပွေးပေါက်များသည် အိမ်အောက်မှာလည်းရှိသည်။ အိမ်ဘေးမှာလည်းရှိသည်။ ချုံပုတ်အတွင်းမှာလည်းရှိသည်။ စပါးကွင်းထဲမှာလည်းရှိသည်။ သုံးလေးလက်မ အရှည်သံချောင်းအရွယ်မှ လေးလက်မအချင်းထိရှိသော မြွေပွေးအကြီးစားများအထိရှိသည်။ သူ့ကိုမထိလျှင် သူကလည်းမထိပါ။ သူ့ကိုထိလျှင် တုံ့ပြန်မှုမြန်သည်။ ရဲဘော်များနှင့်တွေ့တော့ သေပွဲဝင်ရသည်။ ကိုင်းခြောက်များကို ချက်ချင်းမီးရှို့၍ မြွေပွေးကိုကင်ပြီး ဝိုင်းဝန်းဖဲ့ကာ မြိန်ရေရှက်ရေစားကြသည်။ ချိုလည်းရှင်း၊ မြွေပွေးအန္တရာယ်လည်းကင်း။

ဒီလိုပတ်ဝန်းကျင်မှ ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်းမှာ တစ်ဆယ့်လေးငါးနှစ်ခန့် (၁၉၆၆ခုနှစ်မှ–၁၉၈၀ပြည့်နှစ်အထိ) ကျင်လည်အမှုထမ်းလာရာ ရှမ်းပြည်နယ်၏ သဘာဝအလှ တောတောင်ရေမြေများနှင့် များစွာထိတွေ့ခဲ့ပါသည်။ စိမ့်စမ်းရေတံခွန် အသွယ်သွယ် မြစ်ချောင်းတို့၏ အလှနှင့် မာယာကြွယ်မှု၊ ကျေးငှက်သာရကာများနှင့် တောတိရစ္ဆာန်ငယ်များ၊ သားကောင်ကြီးများကို အနီးကပ်တွေ့ခဲ့ရသည်။

သိန်းနီနှင့် ကွတ်ခိုင်အကြား ရှမ်းဘာသာဖြင့် လွယ်ဆန်စစ်ခေါ်တဲ့ တောင်သုံးဆယ်အနီးစခန်းတွင် ကျားသစ်များ၊ ကျားကြီးများပေါသည်။

တစ်နေ့ ညနေခင်းတွင် "ကုလားမန်ပိန်းသူကြီး"က ကျားကြီးတစ်ကောင် နွားကိုကိုက်သတ်ထားကြောင်း လာသတင်းပို့သည်။ ကျွန်တော်တို့ လိုက်ကြည့်တော့ ကျားပြေးပြီ။ လွယ်ဆန်စစ်ခေါ် တောင်သုံးဆယ်အတွင်းမှာ ရဲဘော်များနှင့် လျှောက်နေစဉ် ရှေ့ကငါးလက်မခန့်အချင်းရှိ ကျားခြေရာကြီးကိုတွေ့သည်။ မိုးရွာပြီးစမို့ ခြေရာကထင်ရှားတယ်။ တောကောင်ကြီးကတော့ ကျွန်တော်တို့ရှေ့က တစ်လှမ်းချင်းသွားသည်။ ပြီးမှ ဆတ်ခနဲကိုယ်ရောင်ဖျောက်သွားသည်။

ဆယ်အင်စခန်းအနီးက စပါးကြီးမြွေ လူတွေ့တော့ ရေအိုင်ထဲဆင်းပြေးသည်။ လွယ်အင်စခန်း (ရှမ်းပြည်နယ်မြောက်ပိုင်း တန့်ယန်းမြို့အရှေ့ဘက်)တွင် ဆယ့်ငါးပေခန့်ရှိ တောကြီးမြွေဟောက်၊ အမြီးဖျားမှ နှာဖျားအထိ ခြောက်ပေရှည်သော ကြောင်မြင်း၊ "တောင်မကြီး"က နွားမတန်းအရွယ်ရှိ တောင်ဆိတ်၊ ဆင်ကူးလည်ကောင်းက ဆင်ရိုင်းအုပ်ကြီးများ၊ လွယ်ဆန်စစ်အလွန် နမ့်ပါချိုရွာအနီး ကွင်းပြင်က "ဆတ်ကြီး" တွေ့ခဲ့ရသည်။

သိန်းနီနှင့်ကွတ်ခိုင်ကြား မန်ပိန်းရွာအနီးတောင်သုံးဆယ် (လွိုင်ဆန်စစ်)ထဲတွင် သစ်ခွပန်းများ အပင်တိုင်းတွင်ရှိသည်။ တော်တော်များများပွင့်သည်။ အချို့ဆယ်ပင် ဆယ့်ငါးပင်၊ အချို့အပင်တစ်ရာနှစ်ရာ အပင်ကြီးကို စွဲနေသည်။ သစ်ခွအဖြူ အညိုရှိသည်။ အနက်ကတော့ ရှားမှရှား။

ဒီလိုသဘာဝ တောတောင်ရေမြေမှာ ဖုန်ရှူစရာနေရာမရှိ၊ ကားလမ်းပေါ်ရောက်မှပဲ အနည်းအကျဉ်းရှိသည်။ ယနေ့ မြို့တော်များနှင့်မြို့ပြတော်တော်များများမှာ ဖုန်တွေထူနေပြီ။ မီးခိုးများအလွန်ပြန့်လွင့်နေပြီ။ မီးခိုးများ၊ ဖုန်များသည် လေထုကို ညစ်ညမ်းစေသည်။ ညစ်ညမ်းသောလေကိုရှူရသော လူသားများအတွက် ကျန်းမာရေးကိုများစွာထိခိုက်စေသည်။ ဖုန်တွေဘာကြောင့် ထူရသလဲ။ မြို့ပြစနစ်အားနည်းလို့ပဲဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့အဝင် အထွက်မှာ ကားတွေရေစင်အောင် ဆေးပြီးမှ မြို့ထဲကိုဝင်ရသည်။ ကားဘီးကရွှံ့များပြောင်မှ မြို့ထဲဝင်ရသည်။ မီးခိုးထွက်သော ကားလည်းတစ်စီးမှ မတွေ့ရ။ မီးခိုးထွက်သော ကားများကို မြို့ပြများတွင် မောင်းနှင်ခွင့်မပြု။

ဘယ်လ်ဂျီယံနိုင်ငံ နမျူးမြို့ငယ်လေး (ကျောက်ဆည်မြို့ သာသာလောက်ပဲရှိသည့်)တွင် တနင်္ဂနွေနေ့တိုင်း ကားလမ်းများကို ဘရပ်ရှ်နှင့်တိုက်၍ သန့်ရှင်းရေးလုပ်သည်။ ဘရပ်ရှ်ကြီးများကို ကားရှေ့တွင် တပ်ဆင်၍ ကားကို ဖြည်းဖြည်းမောင်း ဘရပ်ရှ်နှင့်ရေပတ်တိုက်သလို တိုက်သွားခြင်းဖြစ်သည်။ အတုယူဖွယ်ကောင်းလေစွ။ လမ်းများကလည်း ဖုန်၊ သဲ၊ ရွှံ့တို့ ခိုအောင်းတင်ကျန်ရန် အလွန်နည်းသည်။ လမ်းဝဲယာ အိမ်ခြံစည်းရိုး၊အုတ်တံတိုင်းများနှင့် ထိသည်အထိ ကွန်ကရစ်လမ်းကရှိသည်။ ဝဲယာ ရေမြောင်းများပေါ်တွင် ကွန်ကရစ်ပြားများ ခင်းထားသည်။ သူတို့နိုင်ငံမှာတော့ ရန်ကုန်လောက်မိုးမရွာတော့ ရေမြောင်းများသန့်သည်။

စိုးမင်းထိုက်

ရေစီးဆင်းမှုကောင်းသည်။ မချို့ယွင်းပေ။ လမ်းကလည်း စနစ်တကျခင်းထားသည်။ စည်ပင်ကလည်း နှစ်ကြာသည်အမျှ အသားတကျဖြစ်နေပြီ။

လမ်းဘေးမှာ ဈေးသည်များမရှိ။ ရှိသောဈေးဆိုင်များကလည်း စနစ်တကျတည်ခင်းထားသည်။ စားသုံးသူကို စနစ်တကျဆွဲဆောင်ရန် ရှေးဟောင်းကားကြီးများပေါ်တွင် ခေတ်မီမုန့်များကို ရောင်းချသည်။ လမ်းပေါ်မှဈေးသည်တွေ (အထူးသဖြင့် သင့်တော်သော အဖုံးအအုပ်မရှိသည့် စားစရာဈေးသည်များ) မရှိပေ။ ယင်မရှိ၊ ခြင်မရှိ။ ယင်ကြောင့်ကူးစက်ရောဂါ အမျိုးမျိုးဖြစ်နိုင်သလို ခြင်ကြောင့်လည်း ငှက်ဖျားစသည့်ရောဂါကြီးတွေနဲ့ သွေးလွန်တုပ်ကွေးလို၊ ဆင်ခြေထောက်လို ရောဂါတွေဖြစ်ပွားနိုင်သည်။

ဖုန်ထူတာ မသန့်ရှင်းတာတွေက လူကြောင့်ဖြစ်သည်။ လေထုညစ်ညမ်းစေသည့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်သည် လေထုထဲမှာပါဝင်သည်။

အလယ်တန်းကစပြီး သင်ခဲ့ရသော သင်ခန်းစာတွေထဲမှ လေထဲတွင်ကျန်ဓာတ်ငွေ့များမှာ–

- နိုက်ထရိုဂျင်ဓာတ်
- အောက်ဆီဂျင်ဓာတ်
- အာဂွန်ဓာတ်နှင့်အခြားဓာတ်များ
- လေထဲမှာ တွဲလဲခိုကပ်ပြီးနေကြတဲ့ အမှုန်အမွှားများ
- ရေငွေ့များ စသည်တို့ပဲဖြစ်သည်။

ချောင်း၊ မြောင်းထဲကျဆင်းပြီး အငွေ့ပြန်သည်။ မိုးရွာသည်။ ရေသံသရာ The Water Cycle ပါ။

သဘာဝသံသရာတွေ Natural Cycles ထဲမှာ ဓာတ်အစိုင်အခဲကလေးများပါသည်။ အစိုင်အခဲအမှုန်လေးများလည်း သံသရာလည်ကြသည်ပဲ။ ကာဗွန်၊ အောက်ဆီဂျင်၊ မီးစုန်း(သို့မဟုတ်) နိုက်ထရိုဂျင်စသည့် ဒြပ်စင်တွေ အမြဲလည်ပတ်နေကြသည်။ အိုဇုန်းဆိုသည်ကလည်း အောက်စီဂျင်၊ နိုက်ထရိုဂျင်နှင့် နိုက်ထရိုဂျင်အောက်ဆိုဒ်များနှင့် ရေထိတွေ့လျှင် နိုက်ထရစ်အက်ဆစ်ဖြစ်ပေါ်လာသည်။ မိုးရေနှင့်နိုက်ထရစ်အောက်စီဂျင်စသည်တို့ ဓာတ်ပြုပြီး နိုက်ထရစ်အက်ဆစ်ဖြစ်လာကာ အက်ဆစ်မိုးရွာသည်။ မြန်မာပြည်တွင် လေထုညစ်ညမ်းမှုနည်း၍ အက်ဆစ်မိုးမရွာပါ။

ယနေ့ကမ္ဘာတွင် သဘာဝသစ်တောများ ပြုန်းတီးလာသည်။ လူသားများအတွက် အန္တရာယ်များ တဖြည်းဖြည်းချင်း ဆိုက်ရောက်လာခဲ့ပြီ။ သဘာဝပတ်ဝန်းကျင်များ ချို့တဲ့လာသည်နှင့်အမျှ လူတိုင်းအသက်ရှင်မှုအတွက် မရှိမဖြစ်သည်များ ယုတ်လျော့ရှားပါးလာပြီ။ ရေချိုရေသန့်များ ပို၍လိုအပ်လာပြီဟု ပညာရှင်များနှင့် ကမ္ဘာ့နိုင်ငံများက ဆင်ခြင်မိသလို အလေးအနက်ထားလာကြသည်။

လူတိုင်း လတ်ဆတ်သောလေ တောနံ့တောင်နံ့နှင့် ရနံ့သင်းသည့် ပန်းအနံ့ကို ရှူလိုကြသည်။ အနံ့ဆိုးများ အောက်ဆိုဒ် (Oxide)ကို မခံလိုကြ။ ရေထု၊ လေထုညစ်ကျူးမှု (Pollution)ကို မခံလိုကြ။

စက်မှုလုပ်ငန်းများ ထွန်းကားလာကာ လူသားများကို များစွာ အကျိုးပြုသည်။ ဆိုးကျိုးတရားများလည်း ကပ်ပါလာသည်။ သဘာဝသယံဇာတများ ထုတ်နုတ်သုံးစွဲလွန်း၍ မြေတွေပြို၊ တောတွေပြုန်း၊ တောင်တွေပွဲ့ကျ၊ စက်ရုံဓာတ်အားပေးရုံ၊ ဓာတုဗေဒပစ္စည်းတွေထုတ်တဲ့ လုပ်ငန်းကြောင့် ရေတွေ၊ လေတွေ ပတ်ဝန်းကျင်တွေ ညစ်ကျူကုန်သည်။ စက်ရုံဝန်းကျင်မှာ သစ်ပင်မပေါက်တော့၍ သဘာဝကျေးငှက်တိရစ္ဆာန်များ မြို့ပတ်ဝန်းကျင်မှာ နည်းပါးသွားသည်။ **ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လှပသည့် သဘာဝအလှအပများ ထိန်းသိမ်းရေးကို လူတိုင်းလူတိုင်း ပြုလုပ်ကြရန် လိုအပ်ပါသည်။**

မြန်မာနိုင်ငံတွင် သစ်ပင်ပေါင်းရာနှင့်ချီရှိသည်။ ပန်းမျိုးပေါင်းရာထောင်မက၊ ကျေးငှက်များ ရာနဲ့ချီပြီးရှိသည်။ တောရိုင်းတိရစ္ဆာန်များ များစွာရှိသည်။ အချို့ပျောက်ကွယ်ကုန်ပြီ။

ကမ္ဘာမှာမရှိသည့် ပန်း၊ သော်ကပန်းလို ကမ္ဘာ့အလှဆုံးပန်း၊ ကမ္ဘာမှာမရှိသည့် ကျေးငှက်များ၊ ကမ္ဘာမှာမရှိသည့် တောရိုင်းတိရစ္ဆာန်များ မြန်မာပြည်တွင်ရှိသည်။ အချို့နိုင်ငံများတွင် (Sierra Club)၊ ဥယျာဉ်ဝါသနာရှင်များအသင်း (Gerdening Club)၊ တောမီးကာကွယ်ရေးအဖွဲ့(Fire Watch)၊ ပတ်ဝန်းကျင် သိပ္ပံအသင်း (Ecology Society)၊ အရုပ်ဆိုးမှု ဆန့်ကျင်ရေးလှုပ်ရှားမှု(Anti Ugly Campaign) ဆိုပြီး သဘာဝအလှကို ပျက်စီးစေမည့် ရုပ်ပစ္စည်းဆိုင်ရာ တည်ဆောက်မှုများကို ပြင်းထန်စွာ ကန့်ကွက်ကြသည်။

လူသားများ တိုးတက်မှုအတွက် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုများဖြစ်သည့် စက်ရုံတည်ဆောက်ခြင်း၊ လမ်းဖောက်ခြင်း၊ ဆိုင်းဘုတ်ပိုစတာ၊ ဓာတ်တိုင်စိုက်ခြင်းကအစ သဘာဝအလှကို မပျက်စီးစေသည့် ရှုထောင့်မှ ကြည့်ပြီး လုပ်ဆောင်ကြရသည်။

သဘာဝအလှပတ်ဝန်းကျင်ကို ထိန်းသိမ်းရန် သစ်ပင်များများစိုက်ပါ။ ရှင်သန်အောင် ထိန်းသိမ်းပြုပြင်ကြပါ။ **"သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း"** သာမက သစ်ကောင်းဝါးကောင်းများသည် လူတစ်သောင်းမှ

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် လှပသည့် သဘာဝအလှအပများ ထိန်းသိမ်းရေးကို လူတိုင်းလူတိုင်း ပြုလုပ်ကြရန် လိုအပ်။

လေထုထဲတွင် ပါဝင်တဲ့ဓာတ်ငွေ့များ၊ ရေငွေ့များအပြင် အမှုန်အမွှား ဒြပ်ဝတ္ထုများလည်း တွဲလောင်းခိုနေသည်။ ၎င်းတို့ရောက်လာပုံမှာ ဖုန်မှုန့်က မြေဆီလွှာများကို တိုက်စားရာမှ အခြေခံသည်။ မီးတောင်ပေါက်ကွဲရာ၊ တောမီးလောင်ရာတို့မှ ရောက်လာသည်။ ဥက္ကာပျံ၊ ကြယ်ပျံ Meteorites က အကြွင်းအကျန်တွေ လေထုထဲတွင် Marine aerosol ရေငွေ့ခဲလေးများက ပင်လယ်ရေအငွေ့ပြန်ရာမှ ဖြစ်လာသည်။ ပင်လယ်မျက်နှာပြင်ကို လေထုကရိုက်ခတ်သည့်အခါ လှိုင်းဖြစ်လာသည်။ ရေပူပေါင်းကလေးတွေဖြစ်လာကြသည်။ ရေငွေ့ခဲကလေးများဖြစ်ပြီး လေထုထဲကိုရောက်သွားသည်။ ပြီးတော့ မိုးရွာချသည်။ မြေပေါ်ကနေပြီး မြေအောက်ရောက်သွားသည်။ မိုးဟာ ပင်လယ်၊ သမုဒ္ဒရာ၊ အင်းအိုင်၊

တစ်သိန်း၊ တစ်သန်း၊ ဆယ်သန်း၊ သန်းတစ်ရာ၊ သန်းတစ်ထောင်ကို ဝလင်အောင် ကျွေးမွေးနိုင်သည်။

ပန်းအမျိုးမျိုး၏ အလှသည် လူ့စိတ်ကိုကြည်ရွှင်လန်းဆန်းစေသည်။ သစ်ပင်အမျိုးမျိုး၏အလှသည် လူကိုလန်းဆန်းစေရန် များစွာအထောက်အကူပြုသည်။ လေထု၏သန့်ရှင်းလတ်ဆတ်မှုသည် များစွာလိုလားအပ်၏။

- မြို့ပြများသန့်ရှင်းမှုကို လုံ့လဝီရိယစိုက်၍ ထိန်းသိမ်းကြပါ။
- သစ်ပင်အမျိုးမျိုးကို လူထုလှုပ်ရှားမှုဖြင့် အင်တိုက်အားတိုက် စိုက်ပျိုးကြပါ။
- သဘာဝအလှ သစ်တောများကို ထိန်းသိမ်းရုံမက ပွားများအောင်လည်း လုပ်ကြပါ။ ။

မိဘဆွေမျိုးများအား ရည်စူး၍ ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁) ရပ်ကွက် အောင်မေတ္တာ ၂ လမ်း အမှတ် ၁၃၆နေ ဒေါ်ခင်သန်းမိသားစုက ဒဂုံ မြို့နယ် အမှတ် ၁၆စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးရဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော်ဘဒ္ဒန္တနန္ဒကထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကာမိုင်းမြို့၌ ချုံနွယ်ပိတ်ပေါင်း ခုတ်ထွင်ရှင်းလင်း

ကာမိုင်း စက်တင်ဘာ ၈

ကချင်ပြည်နယ် ကာမိုင်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ရက်က မြို့နယ် တာဝန်ခံ ဦးဆန်းအောင်၏ ကြီးကြပ်မှုဖြင့် အဖွဲ့ဝန်ထမ်းများ ကြာမိုင်း - ဖားကန့် ကားလမ်း ကာမိုင်း မြို့အထွက် လမ်းဘေးဝဲယာ တစ်လျှောက်၌ ချုံနွယ်ပိတ်ပေါင်း ခုတ်ထွင် ရှင်းလင်းခြင်း လုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြသည်။ **(၄၁၆)**

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် မိုးညှင်းဝိပဿနာ တိုက်သစ်ကြီး၏ မဟာရံတံတိုင်းဆောက်လုပ်ပြုပြင်ရန်အတွက် မရမ်းကုန်းမြို့နယ် အေဒီလမ်း အမှတ်၁၄-စီနေ မိဘများနှင့် ဒေါက်တာဦးမျိုးမင်းတို့အား ရည်စူး၍ ဦးကျော်ထိုက်-ဒေါ်ထားရီ၊ သမီး မကေသီမျိုးမင်း-Scott Cutler၊ မြေး Lind Say Cutler မိသားစုက မဟာရံတံတိုင်းတစ်ခန်းအတွက် အလှူငွေကျပ် သုံးသိန်းကို နာယကဆရာတော် မိုးညှင်းအရှင်ကုန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီမြို့ သဃ်န်းညီနောင်ကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

မြဝတီ စက်တင်ဘာ ၂

မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက နိုင်ငံသားစိစစ်ရေးလုပ်ငန်းကို လှုပ်ရှားမှုအသွင်တစ်ရပ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ ဩဂုတ် ၈ ရက်က မြဝတီမြို့နယ် သဃ်န်းညီနောင်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ ကရင်ပြည်နယ် လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကြည်လင်နှင့် မြဝတီခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေညွှန့်တို့ တက်ရောက်ကြသည်။ထို့နောက်မြဝတီခရိုင် ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းခိုင်က နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၂ ကတ်ကိုကျေးရွာနေ ပြည်သူများထံ ပေးအပ်သည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် မြို့သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင် ဩဂုတ်၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့က ရှင်းလင်းတင်ပြစဉ်။(မြို့နယ်စည်ပင်)

ကွန်ဟိန်းမြို့ သာယာလှပရေး လုပ်ငန်းများဆောင်ရွက်

ကွန်ဟိန်း စက်တင်ဘာ ၁၂

ကွန်ဟိန်းမြို့ သန့်ရှင်းသာယာလှပရေးအတွက် ကွန်ဟိန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ အင်ဂျင်နီယာဦးသာလှမော်နှင့်အဖွဲ့ စက်တင်ဘာ ၇ရက်က ကွန်ဟိန်းမြို့အဝင် ပြည်ထောင်စု လမ်းဘေးဝဲယာရှိ ပန်းအလှပင်နှင့် အရိပ်ရပင်များပုံဖော်ခြင်း၊ မြေတောင်မြှောက်ခြင်း၊ မြေဩဇာ ကျွေးခြင်း လုပ်ငန်းများ ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးမျိုးဝင်းဇော် ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရခိုင်ပြည်နယ်နှင့် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် အဖွဲ့ ဩဂုတ် ၂၄ရက်က ပေါက်တော မြို့နယ် စည်ပင် သာယာရေးအဖွဲ့ဆောင်ရွက်သော ဦးရွှေမြလမ်း ကွန်ကရစ် ရေပြွန်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကလော အထက(၁) ပညာရည်ချွန်ဆုချီးမြှင့်

ကလော စက်တင်ဘာ ၇

ရှမ်းပြည်နယ်(တောင်ပိုင်း)ကလောမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ချွန် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက် နံနက်၁၀နာရီက တေဇခန်းမ၌ ကျင်းပရာ သဘာပတိ ဦးစိန်ဝင်းက အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ယဉ်မြိုင်က ကျောင်းပညာရေးနှင့် ကျောင်းစည်းကမ်းပိုင်းဆိုင်ရာတို့ကို ရှင်းလင်းပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးမြဆောင်က ကျောင်းအဆောက်အအုံများ ဆေးသုတ်ခြင်းလုပ်ငန်းကို ရှင်းလင်းတင်ပြသည်။

ဆုချီးမြှင့်

ထို့နောက် ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူး လေးဘာသာ လေးဦး၊ နှစ်ဘာသာ သုံးဦး၊ တစ်ဘာသာ နှစ်ဦး ရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ပညာရည်ချွန်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၄၀၈)**

မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အလုပ်ရုံတွင် လုပ်ငန်းသုံးယာဉ် စက်ယန္တရားများ ပြင်ဆင်မှုကို ဩဂုတ် ၂၆ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ချို ကြည့်ရှုစစ်ဆေးစဉ်။ မြို့နယ်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး စုပေါင်းသန့်ရှင်းရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်

မြင်းခြံ စက်တင်ဘာ ၆

မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ သွေးလွန်တုပ်ကွေး ရောဂါ ကာကွယ်ရေးအတွက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးများကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာ ဩဂုတ်၂၅ရက်က အမှတ်(၁)ရပ်ကွက် တလုပ်လမ်းတွင် စည်ပင်သာယာရေး ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူ အင်အား ၁၀၀၀ကျော် တို့သည် စည်ပင်သာယာရေးအဖွဲ့ပိုင်အမှိုက်သိမ်းယာဉ် နှစ်စီးနှင့် ခြင်ဆေးဖျန်းစက်တို့ဖြင့် လမ်းဘေး ဝဲယာတစ်လျှောက် ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ခြင်ဆေးဖျန်းခြင်း တို့ကို မြို့နယ်အတွင်းရေးမှူး ဦးကျော်နိုင်အောင်နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ဦးစီးအရာရှိ ဦးတင့်ဝေတို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျောက်စုဆောင်း

ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့ပိုင် ပြည်-အောင်လံလမ်းမှ နဖားအင်း- ကြခတ်လမ်း **ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်းထားမှုကို ဩဂုတ် ၂၄ရက်က အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးသီဟဖြိုးကျော်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ ဩဂုတ် ၂၃ ရက်က နတ်မောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောက်လုပ်ထားသော ဝန်ထမ်းအိမ်ရာကို ကွင်းဆင်းစစ်ဆေး ကြည့်ရှုရာ အမှုဆောင် အရာရှိ ဦးကံချွန်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိတ္ထီလာခရိုင် ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ လှေလှော်ပြိုင်ပွဲဖွင့်

မိတ္ထီလာ စက်တင်ဘာ ၂၀

မိတ္ထီလာမြို့ မြို့မရပ်မင်းရပ်နယ်မြေတွင်(၁၂၄)ကြိမ်မြောက်ဖော်တော်ဦး စေတီတော် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို စက်တင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၃ ရက် နံနက် ၉ နာရီက မိတ္ထီလာကန်တော်ရှိ ဖောင်တော်ဦးစေတီတော်အနီး၌ မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်ဌေးနှင့်ဇနီး၊ ဗိုလ်မှူးကြီးဘုန်းမြင့်ထူးနှင့်ဇနီး၊ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းနှင့်ဇနီး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်မြင့်နှင့် ဇနီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

ကျင်းပ

ရှေးဦးစွာ မိတ္ထီလာခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့ရိုးရာ လောင်းလှေပြိုင်ပွဲတွင် အကြီးတန်း ငါးသင်း၊ အငယ်တန်း ၁၄ သင်း စုစုပေါင်း ၁၉ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ (၃၅၈)

သရက်ခရိုင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ သားသမီးများ ပညာသင်ထောက်ပံ့ကြေးပေးအပ်

သရက် စက်တင်ဘာ ၁၁

သရက်ခရိုင် သရက်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၉ရက် နံနက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ ရုံးခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်သိန်းမြင့်(ငြိမ်း)က အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးလှမြိုင်(ငြိမ်း)က ပညာသင်ထောက်ပံ့ကြေးပေးအပ်ရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။

ပညာသင်စရိတ်ပေး

ထို့နောက် မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများဖြစ်ကြသော တက္ကသိုလ်၊အခြေခံပညာအထက်တန်း၊အလယ်တန်း၊ မူလတန်းကျောင်းသားကျောင်းသူ၄၈ဦးအတွက် ပညာသင်စရိတ်ငွေကျပ် ၃၇၃၀၀၀ကို ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်သိန်းမြင့်(ငြိမ်း)က ပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား တက္ကသိုလ်ကျောင်းသူတစ်ဦးက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

မြို့နယ်သတင်းများ

အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြင်းခြံ၌ ကျင်းပ

မြင်းခြံ စက်တင်ဘာ ၇

မြင်းခြံခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၉ ရက်က မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ဦးလှမိုးနှင့် အဖွဲ့ဝင်များ၊ အကဲဖြတ်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ ငါးမြို့နယ်မှ ဥက္ကဋ္ဌများ၊ ခရိုင်အဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များနှင့် ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ ခရိုင်ဥက္ကဋ္ဌ ဦးလှမိုးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းကြည် (ဒိုင်ချုပ်)က ပြိုင်ပွဲ စည်းကမ်းချက်များနှင့် အမှတ်ပေးနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမိုးက မြင်းခြံခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ (၄၀၂)

သာစည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ သာစည်မြို့အရှေ့ ကြို့ဆိုပါ၏ ဆိုင်းဘုတ်သန့်ရှင်းသာယာလှပရေးအတွက် ပေါင်းမြက်များရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း၊ မြေခင်းအလှပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ် ၂၃ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုး ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ကျောက်တော်မြို့နယ် ပိုက်သည်ရပ် ကမ်းနားလမ်း ကျောက်ချောခင်းခြင်းကို ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဩဂုတ်၂၅ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသာအေးနှင့် လက်ထောက်အင်ဂျင်နီယာဦးလှကြည်တို့က မြေပုံနှင့်တကွ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလပြည့်ကျော် ၃ ရက်
၂၉-၉-၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉:၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) ချစ်စကား(စန္ဒရားလှထွတ်-ဟေမာနေဝင်း)
(၂) ချစ်သူချင်းမို့သိနားလည် (ဗညားဟန်-ရတနာဦး)
(၃) မောင်ကြီးခေါ်ရာ (အကော်ဒီယံအုန်းကျော်-မေဆွိ)
၀၉:၄၅ အာဆီယံအစီအစဉ်
၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ပြည်ပပို့ကုန် ဘောလ်ပင်နှင့် စာရေးကိရိယာအစုံထုတ်လုပ်မှု အကြောင်း)
၁၁:၃၅ အဘိုးအဘွားအလေးထားကဏ္ဍ (နေပြည်တော်တပ်ကုန်းမြို့ ရွာသစ်ရွာမှ အဘိုးအဘွားများနှင့် ဆွေးနွေးခန်း)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂:၁၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (လူမှုဝန်ထမ်းစိတ်)
၁၂:၄၅ (၂၁)ရာစုလူမှုဝေါဟာရများမိတ်ဆက်-ဒုတိယပိုင်း (မောင်ဆုရှင်)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (Classic, Care, Archives, Drou-out Design) ပညာရေးအထူးအစီအစဉ် (ပညာရေးအကောင်အထည်ဖော်မှုဆိုင်ရာလမ်းညွှန်ချက်များ)

ညနေပိုင်း

၁၆:၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (ရာဇဓိရာဇ် အရေးတော်ပုံမှ အချစ်ပြိုင်ပွဲ)
၁၇:၀၀ မေးကြည့်ဖြေကြည့် အေအိုင်ဒီအက်စ် ပဟေဠိအစီအစဉ်
၁၇:၁၅ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (နှလုံးသားကို ကြင်နာပါ) (မြတ်ထွတ်ညွှန့်-ဆေး-၂)
၁၈:၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၁၈:၄၀ သိမှတ်စရာ ကွန်ပျူတာ (စမတ်အကျဆုံး PC တစ်လုံးဝယ်ကြရအောင်-ဦးထွန်းကြည်)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ထင်းရှူးရိပ်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဖေယျာနိုင်၏ အချစ်ဆုံးပေးသည့် သံယောဇဉ်တေးစီးရီး)
၂၀:၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)
၂၀:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ညမွှေးပန်း (ဂီတာဖေဝင်း)
(၂) ချစ်လက်စ (ခင်နှင်းသက်)
(၃) ပန်းကိုတော့ချူလိုပါသည် (စန္ဒရားညွှန့်ဝင်းလေး)

စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေး ဝိုင်းမော်၌ ဆောင်ရွက်

ဝိုင်းမော် စက်တင်ဘာ ၈

ကချင်ပြည်နယ်ဝိုင်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်ရေးအတွက် ဩဂုတ်၃ရက်က အဖွဲ့ဝန်ထမ်းများဖြင့် အဖွဲ့ပိုင်ယာဉ်များ ရေဆေးသန့်ရှင်းရေး လုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးဝင်းနိုင် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက် ရှိသော ကမ္ဗကျေးရွာ လေးလက်မ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိလက်ထောက်ညွှန်ကြားရေးမှူးဦးတင့်လွင်ဦး ကွင်းဆင်းစစ်ဆေးရာ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မတ္တရာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားသည့် ကျေးရွာများအနက် ကောက်ရိုးပုံကျေးရွာ တစ်လက်မခွဲအနက် ပေ၁၂၀ ရှိ တွင်းတိမ်လက်နှိပ်တုံကင်တွင်းတူးဖော်ခြင်းလုပ်ငန်းကို ဩဂုတ် ၂ရက်က မတ္တရာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မန်းဒေနှင့် ရပ်ကွက်ဥက္ကဋ္ဌတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

★ မိုးလုံးပြည့် မုသာဝါဒီ VOA နှင့် BBC
★ BBC နှင့် VOA အဖျက်သမားများကို သတိထား

ပြည်သူ့ဆန္ဒသဘောထား

★ တည်ငြိမ်မှုကို လိုလားသည်
★ အေးချမ်းမှုကို လိုလားသည်
★ ဆူပူအကြမ်းဖက်မှုကို မလိုလား

ဆန္ဒပြလူအုပ်စုများက လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ခဲဖြင့်ပေါက်၊ လေးခွ၊ ဂျင်ဂလိ၊ တုတ်၊ ဓားတို့ဖြင့် ပစ်ခတ်အင်အားသုံးကာ လက်နက်များကို လုယူရန်ကြိုးပမ်းလုပ်ဆောင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အတန်တန်ဖျောင်းဖျ မေတ္တာရပ်ခံသော်လည်း မရသဖြင့် ခြောက်လှန့်ပစ်ခတ်မှုများပြုလုပ်ခဲ့၊ လုံခြုံရေးတပ်ဖွဲ့ဝင် ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဆန္ဒပြအုပ်စုမှ အမျိုးသားကိုးဦးသေဆုံး၊ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် စက်တင်ဘာ ၂၇

အေးချမ်းတည်ငြိမ်လျက်ရှိသော နိုင်ငံတော်အား ဆူပူမှုဖန်တီးလိုသူများ၏ အန္တရာယ်မှကာကွယ်ရန်နှင့် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုကို ကာကွယ်ရန်အတွက် ဒေသအလိုက် တာဝန်ရှိသူများနှင့် ပြည်သူများသည် စိတ်ရှည်စွာ သည်းခံဖြေရှင်းလျက်ရှိသည်။ သို့ရာတွင် စက်တင်ဘာ ၂၇ ရက်၌ ရန်ကုန်မြို့တွင် ဆန္ဒပြအုပ်စုများက လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို ခဲဖြင့်ပေါက်၊ လေးခွ၊ ဂျင်ဂလိ၊ တုတ်၊ ဓားတို့ဖြင့် ပစ်ခတ်ပြီး အင်အားသုံး စီးနင်းလျက် လုံခြုံရေးတပ်ဖွဲ့များ၏ လက်နက်များကိုလုယူရန် ကြိုးပမ်းသောဖြစ်စဉ်များ ဖြစ်ပွားခဲ့သည်။

မေတ္တာရပ်ခံ

လုံခြုံရေးတာဝန်ရှိသူများက အတန်တန် ဖျောင်းဖျမေတ္တာရပ်ခံသော်လည်းမရသဖြင့် မတတ်သာသည့်အတွက် ခြောက်လှန့်ပစ်ခတ်မှုများကို ပြုလုပ်ခဲ့ရသည်။

ထိခိုက်ဒဏ်ရာရ

ရှန်းရင်းဆန်ခတ်မှု ဖြစ်စဉ်များတွင် ဆူပူသူများ၏လက်ချက်ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၃၁ ဦး ထိခိုက်ဒဏ်ရာရရှိပြီး ဆန္ဒပြအုပ်စုများမှ အမည်မသိ အမျိုးသားကိုးဦးသေဆုံးကာ အမျိုးသား ၁၀ ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရသူများကို ဆေးဝါးများကုသစောင့်ရှောက်ပေးလျက်ရှိသည်။

သတင်းရယူ

အထက်ပါ သေဆုံးသူများတွင် ခရီးသွားဗီဇာဖြင့် ဝင်ရောက်လာသော ဂျပန်နိုင်ငံသား Mr. Nagai Kengi အသက် (၅၂)နှစ်ခန့်ရှိသူတစ်ဦးပါဝင်ပြီး ၎င်းသည် ခရီးသွားဗီဇာဖြင့် ဝင်ရောက်လာသော်လည်း ဆန္ဒပြသူများနှင့် လိုက်ပါသတင်းရယူရာမှ ယခုကဲ့သို့ ထိမှန်သေဆုံးခဲ့ခြင်းဖြစ်သည်။ ၎င်းနှင့်အတူ ဗီဒီယိုရိုက်ကူးသော ကင်နွန်အမျိုးအစား ဗီဒီယိုကင်မရာတစ်လုံးနှင့် လက်ကိုင်ဖုန်းတစ်လုံးပါရှိခဲ့သည်ကို တွေ့ရှိရကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**